# ဝရဇိန်

# The Bullet of ALA

Vol.7, No.30 April - June, 2009




ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော်(ALA) (၃၅)နှစ်မြောက်တပ်မတော်နိန့်အခမ်းအနား
ထိုင်း-မြန်မာ နယ်စပ်တွင် ကျင်းပစဉ်

★ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA) မှဖြန့်ချီသည် ★

# ဝရဇိန်အာဘော်

အို – ရခိုင်သူ၊ ရခိုင်သားအပေါင်းရို့ ဇွန်လ(၃၀)နိကဆိုကေ ရခိုင်သားတိဘဝစွာ ပိုင်ရှင်မဟိ *လမ်းဘေး ခွီးနန့် တူရေပိုင်* ကျွန်ဖြစ်စွာ (၂၂၄) နှစ်ကျော်လို့ (၆)လ တင်းတင်းပြည့်ရေနိလည်းဖြစ်တေ။ ရက်၊လ၊နှစ်၊ ရာသီတိ အဖန်ဖန် အလီလီ ပြောင်းလို့လားကေလည်း ရခိုင်သားကံကြမ္မာကား ပြောင်းလဲမှုတစိချေလည်းမဟိပဲ ကျွန်ဇာတ်သံသရာ ဆင်းရဲတွင်းထဲမှာ နစ်နိန်ကတ်တေ။ အစွရေးနိုင်ငံ နှစ်ပေါင်း(၅)ထောင်ကျော် ပျောက်လားစွာကို အားကျလို့ရာ ရခိုင်ပြည်ကို ငါတယောက်တည်း ပိုင်စွာကားမဟုတ်ဆိုရေ အသိ၊ ငါ ဇာတတ်နိုင်ဖို့လဲဆိုရေအသိ၊ အမိဝါကြီးမကို လုပ်ကျွေးရဖို့သိမ့်၊ မောင်ချေနန့် ညီမချေကို လူဖြစ်အောင် မွီးစပ်ရဖို့သိမ့် အစဟိရေ အသိတိနန့် ဆက်နိန်လားကတ်ဖို့လား။ ယင်းပိုင်နိန်ကတ်ကေ ဒုတိယကမ္ဘာစစ်ဖြစ်လို့ အစွရေးနိုင်ငံပေါ်လာရေပိုင်၊ စစ်အီးခေတ်မှာ ကုလားကတမျိုး၊ အောက်သားကတဖုံ ရခိုင်အမျိုး ပျောက်အောင် ကြိုးစားနိန်ရေ လူမျိုးနှစ်ခုကြားမှာ ရခိုင်ပြည်ဆိုစွာ အာကာထက်ကကျလို့ ကမ္ဘာ့မြီပုံထက်မှာ ပေါ်လာစရာ အကြောင်းလည်း မဟိပါယာ။ ဤလောက၌ အသိဉာဏ် (၃)မျိုး ဟိသည်။

(၁)ကိုယ်ကျိုးတခုတည်းကိုရာ ကြည့်သူ (အတ္တသမား)
(၂)ကိုယ်ကျိုးစွာ အမျိုးဘာသာ၊ သာသနာနန့် တိုင်းတာလာကေ ကိုယ်ကျိုးစွန့်ခွါသူ (သူရဲကောင်း)
(၃)သတ္တဝါတခုလုံးကို တပြဲညီ ချစ်ခင်သနားပြီး ကိုယ်ကျိုးကို လုံးဝ မကြည့်သူ (ဘုရား၊ ရဟန္တာ)

ယင်းအတွက်နန့် အာရီယာန် အနွယ်ဖြစ်တေ ရခိုင်သားလို့ ခံယူထားရေ ကိုယ်ရို့စွာ အသိဉာဏ် အနည်းဆုံးဟိသည့် (၁) ကိုယ်ကျိုးတခုတည်းကိုရာ ကြည့်သူ (အတ္တသမား) အဖြစ် မခံချင်ပါကေ့။

ဇာပင်ဖြစ်ဖြစ် ပထမ အဆင့်ကိုလည်းကျော်ပြီးကေ ဒုတိယအဆင့် မရောက်ကေတောင်မှ အမျိုး၊ ဘာသာ၊ သာသနာ မပျောက်ကွယ်ရေးအတွက် **(1) Manpower (2) Money (3) Material (4) Management** လို့ ဆိုသည့်အတိုင်း လူအင်အားအတွက်သော်လည်းကောင်း၊ ငွေအားဖြင့်သော်လည်းကောင်း၊ ပစ္စည်းကိရိယာအတွက်သော် လည်းကောင်း စီမံခန့်ခွဲမှုဖက်ကသော်လည်းကောင်း မိမိတို့တတ်နိုင်သည့်ဖက်က တော်လှန်ရေးကို ဝိုင်းဝန်းကူညီပြီး လိမ္မာမြင်ပြင်း၊ ဆင်းရဲအားရ၊ ကြွယ်ဝမနာလို၊ ကိုယ့်ထက်သာမကြိုက် အမိုက်တရား ထိုလေးပါးကို ကိုယ့်အချင်းချင်းကြားမှာ ရှောင်သျှားကတ်ပါလို့ တိုက်တွန်းလိုက်ရပါသည်။

**အယ်ဒီတာ**
ဝရဇိန်စာစောင်

★ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် ( ALA ) မှဖြန့်ချီသည် ★

# မာတိကာ


၁။ ဆောင်းပါး ကဏ္ဍ ——— ———— —— ——— ——— ———— —————— စာမျက်နှာ

(၁) ညီချေသို့ အိတ်ဖွင့်ပီးစာ -- - ခိုင်ဒီပ (ALA) - - ၁

(၂) ရခိုင်နိုင်ငံရေးစကားဝိုင်း - - - - - - - - - - -ခိုင်အောင်စိုးသန်း - - ၁၂

(၃) ဒီမိုကရေစီ၏နောက်ကွယ်က ဗမာလူမျိုးကြီးဝါဒ- -- ခိုင်ထွန်းအောင် (ALP)-- ၁၇

၂။ ကဗျာလွှင်ပြင်

(၁) သမိုင်းဝန် - - — - - - - - - - - ရိုးမနွယ် (ရခိုင်ပြည်)- - - ၂

(၂) လန်းဆန်းခွင့်မရ ပန်းရိုင်းများ - - - - ရီယိုနိုင်စိုး ALA -- - - ၁၁

(၃) နအဖဂုဏ်အင် - - - - — - - - - - - ဟိန်းဇော် ALA -- - ၁၁

(၄) ပြောက်ကျားဟုခေါ်သည် - - - - - - - ရီယိုနိုင်စိုး ALA - -- - ၁၆

(၅) မှီးအမင်သို့ - - - - - - - - - - — - - - ခိုင်နီလ၊ တော်လှန်ရေးမြို - - ၂၂

၃။ ဝတ္ထုတို ကဏ္ဍ

(၁) သူရဲကောင်း ဝိဥာဏ် - - - - - - - ဗိုလ်ရာဇာ - - - - - - - — - - - - ၄

၄။ ဟာသ ကဏ္ဍ

(၁) ဆုတောင်းမှာခရေလား - - - - - - - - - ဉတ္တရ - - - -- — — — - - - ၆

၅။ ထုတ်ပြန်ကြေငြာချက်

(၁) ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (၃၅) နှစ်မြောက်အခမ်းအနားသတင်းလွှာ (အရှေ့ဖက်ဒေသ) ၃

(၂) ဉတ္တဒြကြီးခိုင်မိုးလင်းကျဆုံးသည့် (၃၂)နှစ်မြောက် အာဇာနီနီ ထုတ်ပြန်ကြေငြာချက် - -----၂၃

၆။ သတင်း စာမျက်နှာ

(၁)ရွှေဝါရောင် သံဃာ့လှုပ်ရှားမှု သတင်းပြသပွဲအခမ်းအနား လန်ဒန်မှာ ကျင်းပ --------၂၄

(၂)အောင်ဆန်းစုကြည်အား ပါရဂူဘွဲ့ချီးမြှင့် စောမြရာဇာလင်း တက်ရောက်ယူ ... ... ၅

(၃)ရမ်းဗြဲမြို့နယ် ရပဒင်ကျေးရွာလူကြီး(၁၂)ဦးကို မယကဉတ္တဒြကို မတိုင်ကြားပဲ တံတား အသစ် ဆောက်လုပ်သည့်အတွက်တရားစွဲ --------------------------------၂၆

(၄) ဆင်းရဲကျပ်တည်းမှုကြောင့် စစ်တွေတွင် လုယက်မှုများအထူးတိုးပွါးလာ ------------၂၇


★ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် ( ALA ) မှဖြန့်ချီသည် ★

# ညီချေပါးသို့ အိတ်ဖွင့်ပေးစာ

သို့ . . . . . .

လေးချေ

– – – ရွာ၊ ကျောက်တော်မြို့နယ်

ရခိုင်ပြည်

ငါ့ညီ မြီကမ္ဘာမှာ နီစရာမသျှားရေငါက ကမ္ဘာမြီမှာ ရခိုင်သားများလွတ်လပ်တေ တနီရာက ဘယ်ညာလှူးလိမ့်ပနာ စာရွီးလိုက်တေ။ မင်းနန့် တကွ မိသားစုအားလုံး နီကောင်းပါစီလို့လည်း သဇင်ရန့် မသင်းဝံလက်မျက်နာ မလင်းသိမ့်ရေ တောတောင် စခန်းက ငါဆုတောင်းလိုက်တေ။ ငါလည်း မင်းရို့ပို့ ပီးရေ မိတ္တာကြောင့် သမိုင်းတခေတ် စာမျက်နှာသစ် အောက်မှာ အောက်သားကျွန်အဖြစ်က လွတ်အောင် ရခိုင်သားအသိနန့် ထမ်းဆောင်နိန်ပါရေ။

အတွက် လွတ်လပ်မှုမဟိ လူ့အခွင့်အရေးဆိုစွာ ဇာလဲလို့ ရှာမရရေ ငါရို့ ရခိုင်လူမျိုးတိဘဝ။သဘာဝသယံဇာတတိပေါများလျှက် ဝမ်းမဝ ခါးမလှ အတိဒုက္ခနန့် အာမခံချက် မဟိရေ ရခိုင်သားတိ ဘဝ။ ပိုက်ထဲကျနိန်ရေ ငါးအဖြစ်က လွတ်အောင် ကြိုးစားကတ်မေ။ ငါညီ လူဆိုစွာ ကိုယ့်သမိုင်း ကိုယ်ရွီးရေလတ်၊ ယေကေလည်း ပီးဆပ်မှု လက်ရွီးမလှ တကိုယ်ကောင်းဆန်ရေ အတ္တသတ်ပုံနန့်ဆိုကေဂါး ယင်းသမိုင်းစွာ လူရွန်စရာအဖြစ်နန့်ဂျောင်ထိုးခံရဖို့ ဆိုစွာမှာ အသေအချာဗျာယ်။ ယေဇုနန့် ကိုယ့်သမိုင်းကိုကိုယ် [illegible] သားလုံးမှာ မပြီးဆုံးသိမ့်ရေ တော်လှန်ရေး ခရီးရှည်ဆိုစွာကို နားလည်ပါ။ ။

## တိုင်းပြည်မဟိခြင်းသည် ပိုင်ရှင်မဟိ လမ်းဘေးခွီးနန့် တူသည်

ငါ့ညီ မင်းကား ခါးမိုးအုပ်ချုပ် ပထွီးယုတ်ကြောင့် ထမင်းတလုပ်အတွက် မျက်ရည်၊ သွီးချွေးနန့်ရင်းမှ စားရရေ အဖြစ်ကိုကား သိဗျာယ်လား။

အစ္စရေးနိုင်ငံကိုတည်ထောင်သူ "ဒေးဗစ် ဘင်ဂူရီယံက "တိုင်းပြည်မဟိခြင်းသည် ပိုင်သျှင်မဟိ ရေလမ်းဘေးခွီးနန့်တူရေ" လို့ပြောခရေ။ ယင်းအဖြစ်ကိုကား မင်းရိပ်မိဗျာယ်လား။

ငါညီ သမိုင်းအသိနန့် နိုးကြားဖိ။ တခေတ်တခါအလှည့်ကျ သမိုင်းပီး တာဝန်မှာ ဇာတိ လိုအပ်ချက်ဟိလဲဆိုစွာ ပစ္စုပ္ပန် လူသားတိဖြစ်တေ မင်းရို့ ငါရို့ သိဖို့လိုရေ။ – –။ သွီးအိုင်ထဲက တက်ခေါက်သံတိနန့် ဒူးမထောက် လက်မမြှောက် အသက်ပီးလားခ ကတ်တေ ရခိုင် အာဇာနီ သူရဲကောင်းတိစွာ မင်း၊ငါအစဟိရေ အနာဂါတ်မျိုးဆက်တိကို ယုံကြည်လို့။ ယင်း

*"ဗြိတိန်နိုင်ငံကို ဘုရားသခင် ဖန်ဆင်းပီးခြင်းသည် အခြားလူမျိုးတမျိုးထံ ကျွန်ခံဖို့မဟုတ်လို့"* "ချာချီ" ပြောခရေ။ ယေကေ နှစ်ပေါင်း (၅၀၀၀) ကျော် သမိုင်းမှတ်တိုင်တိ စိုက်ထူပနာ ကိုယ့်ထီးကိုယ့်နန်းနန့် နိန်လာခရေ ရခိုင်တိကား ဒေနိခါ အောက်သား ကျွန်အဖြစ်ခံဖို့ မင်းရို့ ငါရို့ မွီးဖွားလာစွာလား ။ တချိန်တခါက သာကီနွယ်ဖွါး ရခိုင်သားလို့ လက်မထောင်နိန်ခစွာ ဂုခါ အောက်သား၏ လက်ညှိုးထိုး စေခိုင်းမှုအောက်မှာ ဂေါင်းငုံ့နိန်ကတ်ဖို့လား။ ရခိုင်သားအသိနန့် အဖြေရှာကြည့် ငါညီ။

မွန်မြတ်တေ စေတနာနန့် အမှန်တရားအတွက် အနစ်နာခံ တော်လှန်ရေးခရီးမှန် လျှောက်ဖို့ဆိုကေ မင်းကို ငါရို့ အမြဲတမ်းကြိုဆိုနိန်ရေ။

ခိုင်ဒိုပ(ALA)

# သမိုင်းဝန်

A ဥသြရီသောက်
ထီးနန်းပျောက်
၁၁၄၆
၄င်း သက္ကရာဇ်
ပြန်ပြောင်းတွက်စစ်
ရှိကြည့်လိုက်ကေ
နှစ်နှစ်သုည
ကျော်လားခဗျာယ်၊

A ရာစုနှစ်အလီလီပြောင်းလို့
ခေတ်စနစ်တိ
ဟောင်းလားခကေလည်း
မပြောင်းလဲနိုင်သိမ့်ရေ
ငါရို့၏ဘဝ၊
မလွတ်မြောက်နိုင်သိမ့်ရေ
ငါရို့၏ ပြည်၊
ထားရာမှာနိန်
စေခိုင်းရာလား
ကျွေးရာသာ စားပြီး
သူတပါး လက်အောက်
ကျွန်သဘောက်ဘဝမှာ
ခုန်းတိုင်ချိုင်ခံ
လူမျိုးအဖြစ်နန့်
ကျင်လည်လာရစွာ
နှစ်ပေါင်းနှစ်ရာ
ကျော်လတ်ဗျာယ်။

A မဟာမုနိ
တုမဟိသည့်
ဗုဒ္ဓကိုယ်စား
မြတ်ဘုရားလည်း
တပည့်ဒါယကာ
မညီညာလို့
ဤတိုင်းခေည
ပြည်ရက္ခမှ
ကြွမြန်းလားစွာ
ကြာလီဗျာယ်၊

A ကျန်ရှိဘုရား
ဥာဏ်တော်များကား
ငှက်ချီးကယို
မိုးကစိုလျက်
လူသူမရောက်
ခြုံနွယ်ပေါက်ကာ
ယိုယွင်းပျက်ပြို
ဇရာအိုဖိစီး
ခေတ်ဆိုး စနစ်ဆိုး
အမွှီဆိုးဒုက္ခ
ခံနိန်ရရေ၊

A လေးရပ်ဝတီ
လခြမ်းမြီသားချင်း
ညီကိုရင်းရို့
အမျိုးသားရေးအမြင်
သမိုင်းဝန်ကို
သူငါ အသိ
တာဝန် ရှိစိတ်
ရင်မှာ ပိုက်လျှက်
ပျက်ပြို ဘုရား
ဓာတီများကို
ပြုစု မွမ်းမံ
ခြုံနွယ် ထွင်ဖို့
ကြွတော်မူလား
သျှင်ဘုရားကို
လားရောက် ဖူးမြင်
ပင့်ဆောင်ပြန်ဖို့
လာလေ လှမ်းလတ်
လက်တွဲ ကတ်မေ
ရှိသို့ ချီတက်
ဆောင်ရွက်ကတ်မေ။

**ရိုးမနွယ်**
*(ရခိုင်ပြည်)*

# *၂၀၀၉–ခု၊ ဇွန်လ(၁)ရက်နေ့တွင် ရခိုင်ပြည်လွတ်မြောက်ရေး တပ်မတော်ထူထောင်သည့် (၃၅)နှစ်မြောက် အခမ်းအနားတရပ်ကို ထိုင်း–မြန်မာ နယ်စပ်တနေရာ၌ ကျင်းပ*

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ **(ALP)**၏ ဌာနခွဲ (အရှေ့ဘက်ဒေသကရင်ပြည်နယ်)မှ ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် ထူထောင်သည့် (၃၅)နှစ်မြောက် တပ်မတော်နေ့အခမ်းအနား တရပ်ကို ထိုင်း–မြန်မာနယ်စပ်တနေရာ၌ ၂၀၀၉–ခု၊ ဇွန်လ(၁)ရက်နေ့တွင် နံက်(၈)နာရီမှ(၁၀)နာရီထိ ကျင်းပခဲ့ကြသည်။ ၄င်းတပ်မတော်နေ့အခမ်းအနားသို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ **(ALP)** ၏အဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် **(ALA)**၏အဖွဲ့ဝင်များ၊ **(ALP)**နှင့် **(ALA)** ဆေးအမှုးထမ်းများ၊ မဲဆောက် ဌာနခွဲရုံး **(RWU)** ၏အဖွဲ့ဝင်များ၊ မဲဆောက်ရှိ ရခိုင်အလုပ်သမားများအပါအဝင် စုစုပေါင်း(၆၀)ကျော်တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ဒု–ဥက္ကဌ ခိုင်စိုးနိုင်အောင်နှင့် **(ALP)**ဂုဏ်ထူးဆောင် ဗဟိုကော်မီတီ အဖွဲ့ဝင် ခိုင်နီလင်း တို့မှသဘာပတိအဖြစ်ဆောင်ရွက်ပြီး ခိုင်လင်းခိုင်မှ အကျိုးဆောင်အဖြစ်ဆောင်ရွက်သည်။ ပထမအစီအစဉ်အရ အခမ်းအနားမှုးမှ အခမ်းအနားဖွင့်လှစ်ကြောင်းကြေငြာသည်။ ဒုတိယ အစီအစဉ်အရ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများတွင် ကျဆုံးခဲ့ကြသော ရဲဘော်ခေါင်းဆောင်များအား အလေးပြုကြသည်။ တတိယအစီအစဉ်အရ– ခိုင်နီလင်းမှ တပ်မတော်နေ့ကျင်းပရခြင်းနှင့် တပ်မတော် တရပ်လိုအပ်ပုံများကို ရှင်းလင်းပြသည်။ ထိုသို့ရှင်းပြရာတွင် ၁၉၇၄–ခု၊ ဇွန်လ(၁)ရက်နေ့တွင် ဖွဲ့စည်း ထူထောင်ခဲ့သော ရခိုင်ပြည်လွတ် မြောက်ရေးတပ်မတော် **(ALA)**၏ (၃၅)နှစ်ဖြတ်သန်းခဲ့မှုခရီးနှင့် ဥက္ကကြီး ခိုင်မိုးလင်းဦးစီးသော " မိုးလင်းရာဇာ "စစ်ကြောင်းသည် *၁၉၇၆–ခု၊ ဇွန်လတွင် ကရင်ပြည်နယ်မှ မိုင်(၂၀၀၀) လောက်ရှိသော ခရီးကိုခြေလျှင်ခရီးဖြင့် သွားခဲ့ရပုံများနှင့် ရခိုင့်တပ်မတော်ဖွဲ့စည်းရခြင်းရည်ရွယ်ချက်များကိုပါ ရှင်းလင်းပြောကြားခဲ့ပါသည်။ ဒု–ဥက္ကဌ ခိုင်စိုးနိုင်အောင်မှလည်း တပ်မတော်ဖြစ်ပေါ်လာပုံနှင့် တပ်မတော် သမိုင်းအကျဉ်းအချို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ထိုသို့ပြောကြားရာတွင် ရခိုင်ပြည် လွတ်မြောက်ရေး ပါတီအနေဖြင့် လက်နက်ကိုင်တော်လှန်ရေးတပ်မတော်တရပ် ဖွဲ့စည်းထူထောင်ရန် အတွက် ပါတီခေါင်းဆောင်အချို့နှင့် ပါတီဝင်အချို့ကို ဗမာ့တပ်မတော်ထဲဝင်ရောက်စေပြီး စစ်ပညာ သင်ကြားရန်တာဝန်ပေး ခဲ့သည်။အခြားတဘက်တွင်လည်း ကေအန်ယူ–ကရင်အမျိုးသားအစည်း အရုံးနှင့် အပြန်အလှန် လေးစားမှု၊ အပြန် အလှန်ကူညီမှုအပေါ် အခြေခံကာ မဟာမိတ်ပြုလုပ်ခဲ့သည်။ ကရင်အမျိုးသား အစည်းအရုံးအနေဖြင့် ၁၉၇၄–ခုနှစ်တွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ* **(ALP)** *အား ရုပ်ဝတ္ထုဆိုင်ရာ ကူညီမှုဖြင့် "ရခိုင်ပြည် လွတ်မြောက်ရေး တပ်မတော်"* **(ALA)** *ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုသို့တပ်မတော်ကို ဖွဲ့စည်းထူထောင် နိုင်ခဲ့ခြင်းသည် ပါတီဝင်ရဲဘော်များ၊ ခေါင်းဆောင်များ၏အဆက်မပြတ်စွမ်းစွမ်းတမံကြိုးပမ်းခဲ့မှုများကြောင်း ဖြစ်လာခြင်းဖြစ်သည်။*

*အခမ်းအနားတက်ရောက်လာကြသော ရဲဘော်များမှလည်း မေးခွန်းအချို့ကိုမေးမြန်းကြပြီး အခမ်းအနားကို နံက်(၁၀)နာရီခွဲတွင်ပြီးဆုံးခဲ့သည်။ အခမ်းအနားတက်ရောက်လာကြသူများအား ပလာတာ နှင့်ကြက်သား စသောအစားအစာများဖြင့်ဧည့်ခံကြသည်။*

*အရှေ့ဘက်ဒေသ*
*ပြန်ကြားရေးဌာန*
*ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)*

➡ ဘဝသည် တန်ဖိုးအနန္တ ထိုက်တန်၏ အချစ်သည်လည်း တန်ဖိုး အနန္တ ထိုက်တန်၏

သို့သော် လွတ်လပ်ခွင့် ရရန်ကား ယင်းနှစ်ခု စလုံးကို ကျွန်ုပ် စွန့်လွှတ်ပစ်မည်။

(ပီတိုဖီ)

ပြင်သစ်ကဗျာချေ တပုဒ်။ စာလုံးအကြီးသန်နှင့် ဝေါင်းရင်းထရံမှာ ကပ်ထားသည်။ အဂုက ခန့်ညား ပြတ်သားသည့် လီသံနန့် အစုံတဦး ရွက်ဖတ်နိန်သည်။ စံချေမောင် ပက်လက်လှန် အိပ်နိန်ရာမှ ဖြုံးခနဲ ထိုင် လိုက်သည်။ သူခြီရင်းနားမှာ မတ်တပ်ရပ်လို့ ကဗျာ ဖတ်နိန်သူအားကြည့်လိုက်မိသည်။ စံချေမောင် ကိုယ့်မျက်စိကိုပင်မယုံ နိုင် လောက်အောင်ဖြစ်သည်။ မျက်လုံးများ လက်နှစ်ဖက် ဖြင့်ပွတ်လိုက်သည်။ မကျေနပ်သိမ့်၍ လက်ကိုင်ပဝါ ထုတ်ကာ ကျေနပ် သည်အထိ မျက်နှာနှင့် မျက်လုံး များကို ပွတ်သုတ်လိုက် သည်။ ကဗျာဖတ်သူ သည် စံချေမောင် အပြု အမူကို ကြည့်ပြီး ပြုံးနိန် သည်။ စံချေမောင် သိဗျာယ်။

## သူရဲကောင်းမျိုး သီရိုးထုံးစံမဟိ

အိမ်မက်လည်းမဟုတ်။ နာနာ ဘဝ သရဲ၊ နတ်လည်း မဖြစ်နိုင်။ သို့သော် အဖြစ်က ထူးဆန်းနိန်သည်။ စံချေမောင် ကဗျာဖတ်သူကို ခြီဆုံး ဝေါင်းဆုံးကြည့် လိုက်သည်။ အရပ်က ခြောက်ပေခန့်၊ ကိုယ်လုံးက ကျိုက်လိုက်သန်မာရေ ကိုယ်လုံး၊ သူ့အရပ်နှင့် ကိုယ်လုံးက လိုက်ဖက်နိန်သည်။ ထူထဲနက် မှောင်သည့် မျက်ခုံးနှင့် စူးရှတောင်ပြောင်သည့် မျက်လုံးများက တခေါက်ကြည့်လိုက်ရုံနန့် တသက် မှတ်မိလားနိုင်သည်။ သွယ်တန်းဖြောင့်စင်းသည့် နခေါင်း၊ ကျယ်ပြန့်ရေ နဖူးပြင်များက ရည်ရွယ် ချက်မြင့်မားပြီး စိတ်ဓါတ် ကြံ့ခိုင်မှုကို ဖော်ပြနိန်သည်။ (၁၉) ရာစုခေတ် တိုက်ပွဲဝင် သူရဲကောင်းရို့၏ တိုက်ပွဲဝင် ရုပ်မိန်ညိုဝတ်စုံနှင့် တိုက်ပွဲဝင် ခါးရှည်ကိုလည်း လွယ် ထားသည်။ ဤပုဂ္ဂိုလ်ကို ကြည့်ရသည်မှာ နတ်စစ် သူကြီးတဦး အာကာထက်က ကျလာသည်အလား ထင်မှတ်ရ သည်။

"ကဗျာချေက ကောင်းကောင်းရေဝေ။ ကဗျာ အတိုင်းရာ ကဗျာကြိုက်တေလူတိ၊ စွန့်လွှတ်နိုင်ကတ် ဖို့ဆိုကေ အေကမ္ဘာမြီထက်မှာ စနစ်ဆိုးတိ အခြီချဖို့ နိန်ရာကျန်ဖို့ မဟုတ်ဗျာယ်" ထိုသူသည် သူ့၏ခန့်ညား၍ ဩဇာသံ အပြည့်ပါသည့် လီသံဖြင့်၊ ကဗျာနှင့် ကဗျာကြိုက် သူတိထားရဖို့ သဘောထားကို ပြောပြနိန်သည်။
အှုပီးကေ သူသည် စံချေမောင် စာအုပ် စင်ထက်က စာအုပ်များကို တအုပ်ချင်းလိုက်၍ ဟိုစကေ ၊ အေစကေ လိုက်ဖတ်နိန်သည်။ ရဲခေါင် ပြောက်ကျား ချေဂွေဗားရား၊ ကျူးဘား ပြည်ထက်က ကြယ်နီ၊ နပိုလီ ယန်ဘိုနာပတ်၊ ဝင်စတန် ချာချီ၊ ဟိုချီမင်း၊ ဗိုလ်ချုပ်ကြီး မိုရှေဒါယန်း စသည့် တော်လှန်ရေး ဝေါင်းဆောင်များ၊ နိုင်ငံဝေါင်း ဆောင်များ၏ အတ္ထုပတ္တိ စာအုပ်များ။ ။

"မင်းကောင်းစာဖတ်တေမလားယေ။ အေပိုင်တော်လှန် ရေးသမားကြီး၊ နိုင်ငံရေးသမားကြီးများ စာအုပ်တိကို အလီးပီးဖတ်ပုံကို ကြည့်ခြင်းအားဖြင့် မင်းစွာသာမန် စာကို အပျော် ဖတ်တေ အထဲက တယောက် ဖြစ်ဖို့တော့ မထင်။ ကြီးမားရေ ရည်မှန်းချက်အတွက် စနစ်တကျ လေ့လာမှတ်သား ဖတ်နိန်ပုံပေါက်တေ။ ငါ ပြောစွာ ဟုတ်လာဝေ" သူသည် စံချေမောင် ဖတ်သည့် စာအုပ်များကို ကြည့်ပြီး စံချေမောင်ကို သုံးသပ် နိန် သည်။ သူ့အထင်စွာဟုတ်၊မဟုတ် မိန်းခွန်းထုတ်လိုက် သိမ့်ရေ။ စံချေ မောင်ကား အာစိထည့်ခံရ ရေပိုင် တခုလည်း ပြန်မပြောဖြစ်။ ထို လူထူး လူဆန်း ကိုသာ ကြည့်နိန်မိသည်။
"ဇာပိုင်လေဝေး။ မင်းက စကားလည်း တခွန်းလည်း မပြော။ ယင်းပိုင်ဆိုကေ မင်း ငါနန့် မဟာမြတ်မုနိ ဘုရားဖက်ကို လမ်းလျှောက်လား ကတ်မေ။ ဇာပိုင်လဲ"
"ဖြစ်ပါဖို့လား။ မဟာမြတ်မုနိ ဘုရားက အေနိန်ရာ နန့်ဆိုကေ လေးမိုင်လောက် ဝီးပါသိမ့်ရေ" စကားတခွန်း လည်း မပြောပဲနိန်လာရေ စံချေမောင်က ကောက်ကာ ငင်ကာ ပြန်ပြောလိုက်သည်။ "ဇာချင့်ဝေ။ လေးမိုင် လောက်ဝီးလို့ မဖြစ်နိုင်လို့ ပြောစွာလား။ နိန်အုံ့သိမ့် မင်းဖတ်တေ စာအုပ်ထဲမှာ မဖြစ်နိုင်လို့ လက်မိုင်ကျပြီး မလုပ်တေ နိုင်ငံရေးသမား၊ တော်လှန်ရေးသမားတိလို့ မင်းတွိဖူးလာ" သူသည် စံချေမောင်၏ ဆင်ခြေကို မကျေနပ်၍ လားမသိ၊ မိန်းခွန်း တခုထုတ်လာသည်။
"မတွိဖူးပါ " စံချေမောင် အယင်ပလင် ဖြေလိုက်မိသည်။

"အေး ယင်းပိုင်ဆိုကေ လားကတ်မေ" စံချေမောင်သည် အခန်းမီးကိုပင် မပိတ်ပဲ တံခါးကို စိရုံသာ စိထားကာ သူ့နောက်မှ လိုက်လာသည်။ ကစ္စပနဒီမြစ်ဆိပ်တွင် အသင့်တွိရေ လောင်းတစီးနန့် အရှေ့ဖက်သို့ ကူးလာကတ်သည်။ ထိုလူသည် လောင်းကိုလည်း ကျွမ်းကျင်စွာ တတ်ပဲ့ကိုင်သည်ကို စံချေမောင် တွိရသည်။ ကျောက်တော်ဂှ်မိုဳ့၏ ကားလမ်းမဟောင်းသည် ဘားမဏီရွာမှ ထွက်လျှင် ကိုးဆယ့်ကိုးတောင် တောင်တန်း ထဲသို့ဝင်လားသည်။ ဂစ္စပနဒီအရှေ့ကမ်းရှိ သေလာပဗ္ဗတ တောင်သည် ဟိုဖက်ကမ်းဟိ ကျောက်တော်မြို့ကို ထိုင်ကြည့်နိန်ရေပိုင် ထင်မှတ်ရသည်။ လပြည့်ကျော်နှစ်ရက် လမင်းရောင်ခြည်များသည် ကိုးဆယ့် ကိုးတောင် တောင်တန်းများကို ကျော်ကာ ရွှေရည်ဆမ်းထားသည့် အလားထင်ရသည့် တောင်ပေါက်ကြီး တောင်ကြားသို့ ရောက်နိန်သည်။ ကိုယ့်စိတ် ကူးနန့်ကိုယ် ဟိနိန်၍လားမသိ၊ ဘားမဏီရွာမှ ထွက်လာကတည်းက စကားတခွန်းလည်း မပြောဖြစ်ကြ။ ဂျပန်ခေတ် တော်လှန်ရေးတွင် အယ်လီဇာဘတ်ဘုရင်မရွှေတံဆိပ်ရ ဗိုလ်ကြီးကြာလှအောင် ကုသိုလ်ပြုခရေ ကျောက်ရီတွင်းတွင် ရီတယောက်တခွက်စီ ခပ်သောက်ကြသည်။ တယောက်နန့်တယောက် စကားတခွန်းလည်းမပြောပဲ ဆက်လျှောက်လာခသည်။ ဗုံးအင်းတောကိုကျော်လာသည်နှင့် လမ်း၏တောင်ဖက်နှင့် မြောက်ဖက်တို့တွင် လယ်ကွင်းများကို လရောင်အောက်တွင် ဝိုးတဝါးမြင်ရသည်။ "ကိုယ်လုပ်ဆောင်ဖို့ လုပ်ငန်းကို မတင်မကျနန့် သံသယဟိနိန်ရေ လူစွာဇာတခုကိုလည်း ဖြစ်ဖြစ်မြောက်မြောက် ထမ်းဆောင်နိုင်ဖို့လူ မဟုတ်ဝေ။ ချေဌွေ ဗားရား၊ ငယင်ဗန်ထရှိုင်ရို့ပိုင် သူရဲကောင်း စာအုပ်တိကိုမှရှာဖတ်ပုံကို ထောက်ကေ မင်းမှာ သူရဲကောင်းတိကို အားကျရေ စိတ်တိ ဟိရေထင်ရေ။ ဟုတ်လာ" တလမ်းလုံး တိမ်းလို့နိန်ယင်း လမ်းလျှောက်လာရာမှ ကောက်ကာငင်ကာ ထိုလူက မိန်းခွန်းမိန်းလာသည်။ စံချေမောင် သည် သူ့ကို တခေါက်သာကြည့် လိုက်ပြီး အဖြေမပီးပဲ နိန်လိုက်သည်။

> လက်တို့လုပ်လျှင် လက်တို့ဖြစ်နိုင်သည်များကို ဇာလောက်ပင် အမှန်ပြောပြော လက်တို့မလုပ်သမျှ ထိုအရာသည် အသုံးမကျချေ

"မင်းရို့ခေတ်မှာ အသုံးများရေ နိုင်ငံရေးဝါးဟာရကို သုံးပြီးပြောရဖို့ဆိုကေ ပညာတတ် ခနေသျှင်ပေါက်စ လူတိမှာ တော်လှန်ရေး စိတ်ကူးယဉ်မှုတိ ဟိလေ့ဟိထ ဟိကတ်တေ။ လဘက်ရည်ခွက်ထဲမှာ တည်ဆောက်တေ တော်လှန်ရေးစွာ ဇာလောက် ခိုင်မာဖို့လဲ။ တော်လှန်ရေးခိုင်မာမှုကို သွီးညှီနံ့ကြားမှာရာ အဆုံးအဖြတ် ပီးလိမ့်မေ။ အဂု ငါရို့လုပ်နိန်စွာက လက်ဘက် ရည်ဆိုင်က စပွဲခုံကို လက်သီးနန့် အခေါက်တရာလောက် ထုလိုက်တေ တော်လှန်ရေးမဟုတ်ဝေ။ ရန်သူနန့် သူနိုင်ကိုယ်နိုင်တိုက်ရာမှာ သတ်ရဲဖြတ်ရဲသီရဲရေ ရဲဘော်ကိုရာ ငါရို့လိုအပ်နိန်စွာ။ သူရဲကောင်းကို အားကျကေ သူရဲကောင်းတိပိုင် တိုက်ပွဲဝင်ရဲရဖို့၊ စွန့်ရဲရဖို့။ ယင်းပိုင် မဟုတ်ဆိုကေက ယင်းအားကျမှုစွာ သူရဲကောင်းရို့၏ ကျော်ကြားမှုကို အားကျစွာရာ ဖြစ်ဖို့။ ကိုယ်တိုင် သူရဲကောင်း ဖြစ်ချင်စွာက မဖြစ်နိုင်။ ယေဇုနန့် သူရဲကောင်းဆိုစွာ စာအုပ်ထဲက ခုန်ထွက်လာစွာ မဟုတ်ဝေး။ တော်လှန်ရေးတိုက်ပွဲ မီးပင်လယ်၊ သွီးညှီနံ့ကြားက ထွက်ပေါ်လာစွာရာဖြစ်တေ" သူ၏စကားများသည် စံချေမောင်၏ နှလုံးသားကို ဒိုင်းခနဲ၊ ဒိုင်းခနဲ ပစ်လိုက်တေပိုင်ခံစားမိသည်။ စံချေမောင်သည်ကြက်သီးမွှီးညှင်းများပင် ထလာမိသည်။ မဟာမုနိ ဘုရားကိုပင် ကျော်လားခဗျာယ်။ လရောင်အောက်မှာ ပပြောင်ချေ၊ ပပြောင်ချေနန့် မဟာမြတ်မုနိ ဘုရားသိမ်မှ စိန်ဖူးတော်ကို မြင်နိန်ရသည်။ သူရို့နှစ်ယောက် မြောက်ဖက်ဇောင်းတန်းမှ ဘုရားကုန်းထက်သို့တက်ကတ်သည်။ "အေမြောက်ဖက် ဇောင်းတန်းကဆိုကေ အဂုခါမှ ဆောက်လုပ်တေ ဇောင်းတန်းမဟုတ်ဝေ။ အေဇောင်းတန်းမှာ အုတ်တချပ်မှမပါ။

အားလုံးစွာ ကျောက်ခဲတိ။ အေဇောင်းတန်းစွာ လွန်ခရေ နှစ်ပေါင်း (၂၀၀၀) ကျော်ကာလကပင် ရခိုင်ဗိသုကာ ပညာသျှင်တိ လက်ရာအစစ်ချင့်" "ဇာပါ " စံချေမောင် အံ့သြလားရေ။ စံချေမောင် သမိုင်းနန့်

အမျိုး ဘာသာ သာသနာ အတွက် တိုက်ပွဲဝင်ရင်း သိဆုံးသူရို့ အတွက်ငရဲမဟိ

ပတ်သတ်၍ ဗဟုသုတမဟိ။ ယင်းကြောင့် အံ့သြလားရေ။ "မဟာမြတ်မုနိဘုရားကို ဗုဒ္ဓကိုယ်တော်တိုင် ရင်ငွိ(၇) အုပ်နန့် သွန်းလုပ်ခရေ ဆိုစွာကို မင်း သိရေမလား" "ဟုတ်ပါရေကြားဖူးပါယင့်" "ယင်းအချိန်က ရခိုင်ပြည်ကို ဇာသူ အုပ်ချုပ်တေဆိုစွာ မင်းသိလာ" "ဟုတ်ပါရေ။ ကြားဖူးပါရေ။ စန္ဒသူရိယ မင်းပါ" စံချေမောင်က သူသိစွာချေကို အဖြေပီး လိုက်တေ။ "မင်း၊ ကောင်း မဆိုး မလားယေ။ ယင်း လောက်တေ့ မင်းသိထားရေ မလားယေ။ ယင်း စန္ဒသူရိယမင်းစွာ ဇာနိန်ရာမှာ နန်းစိုက်တေလို့ထင်လဲ။ ယင်းချင့်ကိုတေ့ ကျနော်မသိပါ " " အေး ၊ ငါနောက်လိုက်" စံချေမောင်သည် သူ့နောက်မှနိန်၍ ဘုရားရင်ပြင်ထက်သို့ ထက်လားကတ်သည်။ "အေက နှစ်မိုင်လောက် ဝီးရေနိန်ရာမှာ အုတ်တိနန့် တည်ဆောက်ထားရေ ကုန်းတကုန်းဟိရေ။ အရပ်လေး မျက်နှာမှ ယင်းကုန်းသို့တက်တေ လှေကားလေးခုလည်းဟိရေ။ အဂုဆိုကေက ယင်းကုန်းမှာ တောထနိန်ဗျာယ်။ ယင်းကုန်းကို မင်းသိလာ။ မင်းရို့က ယင်းကုန်းကို ဇာခေါ်လဲ" သူသည် ဘယ်လက်နန့် ခါးထောက်ပြီး၊ ညာလက်ဖြင့် ဇီးချောင်းရွာဟောင်းဘက်သို့ လက်ညိုးညွှန်ပြကာ ပြောသည်။ "ဟုတ်ပါရေ။ ယင်းတောင်ကုန်း ကို ကျနော်သိပါရေ။ ကျနော်ရို့က ယင်းကုန်းကို အုတ်ပုံတောင်လို့ ခေါ်ပါရေ" စံချေမောင် အဖြေပီး လိုက်သည်။ "အဲ မင်းရို့အုတ်ပုံ တောင်လို့ခေါ်ရေ တောင်စွာ ဘီစီ(၆)ရာစုကာလက ဗုဒ္ဓဂေါတမနန့် ခေတ်ပြိုင်စည်ကားခရေ ဓညဝတီဆိုစွာယေ။ ရခိုင်သမိုင်းမှာ ဓညဝတီခေတ်(၃) ခေတ်ဟိခဖူးရေ။ ယင်းဓညဝတီစွာ ပထမလား၊ ဒုတိယလား၊ တတိယ လားမပြောတတ်။ ယေကေလည်း မဟာမြတ်မုနိရုပ်ပွါးတော်ကို သွန်းလုပ်ခရေ စန္ဒသူရိယ ဘုရင် စိုးစံခစွာ တေ့အမှန်ဗျာယ်။ အဂုမင်းရို့ခေါ်ရေအုတ်ပုံတောင် တောင်စွာ ဘုရင်နန်းစိုက်ရာ နန်းရာဖြစ်တေ" "အော် "စံချေမောင်သည် အလွန်အံ့သြသင့် လား၍လား မသိ။ အော် တချက်ရာ ထွက်နိုင်သည်။ "ယင်းအုတ်ပုံတောင်က မဟာမြတ်မုနိဘုရား မြောက်ဘက် မုဒ်ဦးသို့ ဦးတည်လာရေ လမ်းနှစ်လမ်းကို မင်း မြင်ဖူးရေ မလား။

ယင်းလမ်း နှစ်လမ်းကို မင်းရို့ ဇာပိုင် ခေါ်လေ"

"ဟုတ်ပါရေ။ ကျနော်ရို့ ရွှေလမ်း၊ ငွေလမ်းလို့ခေါ်ပါရေ" "အေး ယင်းခေတ်က ဘုရင်၊ မိဖုရား၊ မင်းညီ၊ မင်းသား၊ မင်းသမီးတိက ရွှေလမ်းအတိုင်း ဘုရားဖူးလာပြီးကေ ၊ မှူးမတ်သေနာပတိရို့နန့် တိုင်းသူပြည်သားတိက ငွေလမ်းအတိုင်းလာပြီး ဘုရားဖူးမျှော်လေ့ ဟိခကတ်တေ" စံချေမောင်သည် ထပ်မှန် အလွန်အံ့သြလားသည်။ တိုက်ပွဲဝင် သူရဲကောင်းတယောက် သမိုင်း အကြောင်းတိကိုလည်း စိစုံစွာသိနိန်၍ စံချေမောင် အံ့သြသည်မှာ မဆန်း။ " ကြည့်စမ်ဝေ။ ဘုရားရင်ပြင်၊ မုဒ်ဦးလက်ရာတိကို ကြည့်လိုက်စမ်။ ဇာလောက်လှလေ။ အဲ ယင်းအချိန်က ငါရို့ရခိုင်တိ ဇာလောက် လက်မှုပညာ ထွန်းကားခလေဆိုစွာ ယင်းချင့်တိကို ကြည့်ခြင်းအားဖြင့် သိနိုင်ရေဝေ။ အေဂု ငါရို့ ရခိုင်ပြည်သူတိစွာ အမိမဟိသား နီလှန်းငါးဘဝ၊ ဖွတ်ကြောပြာစု၊ ခရုခွံကျွတ်ဘဝတိ ဖြစ်နိန်ဗျာယ်ဝေး – ဖြစ်နိန်ဗျာယ်။ "တောက်" ဇာလောက် နာကျဉ်းစရာကောင်းလေ" သူသည် အတိတ် သမိုင်းကိုပြောရင်း ယဉ်ကျေးမှုကို ရောက်လားသည်။ ယဉ်ကျေးမှုကိုပြောရင်း အတိတ်နှင့် ပစ္စုပ္ပန် အမျိုးသားဘဝကို ထောက်ပြသည်။ အပြီး တတ်သီး၊ တခေါက်ခေါက် ဖြစ်လာသည်။ ဇာတိသွီး၊ ဇာတိမာန် ဝင့်လာသည်။ သူ့အသံများ ပို၍ ကြည်လင်ပြတ်သား လာသည်။ စံချေမောင်လည်း နတ်ဝင်နိန်ရေပိုင် လက်သီးကို တင်းတင်း ဆုပ်ထားသည်။

" ဟိုးရှိက မိုင်းမိုင်းချေ မြင်ရရေ တောင်ကို ဇာလို့ ခေါ်လေ ၊ မင်းသိလာ" "သိပါရေ၊ ရန်းချောင်းတောင် လို့ ခေါ်ပါရေ"

"ဟုတ်တေ။ ရန်းချောင်းတောင်တန်း။ ယင်းတောင် တန်း တဖက်မှာ ရန်းချောင်းဆိုရေ ချောင်းတချောင်း ဟိရေ။ ဓညဝတီခေတ်က သူရဲကောင်းတိ အစွမ်းပြ ရေချောင်း။

ဧည့်ဝတီ နီပြည်တော်ကို ကျူးကျော်လာသူ မှန်သမျှကို ဧည့်ဝတီခေတ် သူရဲကောင်းတိက ကျူပင်ခွတ်ကေ ကျူမြစ်မကျန်အောင် သတ်ပစ်ခဖူးရေဝေ။ သတ္တိဟိလိုက်တေ ငါရို့အဘိုးအဖီးတိ” သူ့ လက်တဖက်သည် ဓါးရိုးကို တင်းပါအောင်ဆုပ်ကိုင်ထားသည်။ မျက်လုံးအစုံသည် လရောင်အောက် တွင်ပင် ဝင်းလက်တောက်ပ နိန်သည်ကို စံချေမောင် မြင်ရသည်။ စကေချေ စကားစပြတ်လားသည်နှင့် ပတ်ဝန်းကျင်သည်ငြိမ်နိန်သည်။ ထိုအချိန် လီတချက် တိုက်လိုက်သည်နှင့် စိန်ဖူးနားက ခေါင်းလောင်းချေ အသံတိ ထွက်လာသည်မှာ လသာည၏ ဂီတသံစဉ် ပိုင်ရာ၊ “ ကျနော် တခု မိန်းချင်ပါရေ “ စံချေမောင် အသံက တိတ်ဆိတ်မှုများကို ဖြိုခွင်းလိုက်သည်။ “မင်း ငါ့ကို ဇာမိန်းချင်လို့လဲ၊ မိန်းဝေ” ထိုလူက ခွင့်ပြုရေ သဘောနန့် အီးအီးချေပြောရေ။ “အခင်ကို ကျနော် တခါလည်း မမြင်ဖူးပါ။ အခင် ဇာသူလဲဆိုစွာကို ကျနော် သိချင်ပါရေ။” စံချေမောင်က သူသိချင်စွာကို မိန်းလိုက်သည်။

တိုက်ပွဲထဲမှာ ဂေါင်းဆောင် အများကြီး ကျဆုံးလား ဗျာယ်။ အေပိုင် တရားမျှတရေ စစ်ပွဲထဲမှာ မျိုးချစ် သူရဲကောင်း ဂေါင်းဆောင် ဗိုလ်ချင်းပျံ သီဆုံးလား စွာလည်း အဆန်းကားမဟုတ်ဝေ။

ယေကေလည်း ယင်းလောက် အမျိုးသား တော်လှန်ရေးထဲမှာ အသက်ကို နှမြောမှု တစိချေလည်းမဟိပဲ သူ့၏ ယုံကြည့်မှုတိစွာ တော်လှန်ရေးမှာ တခါချေလည်း မသီဝေ။ တခါချေလည်း မသီ နိုင်ဝေ မင်းမှတ်ထားပါ။ အမျိုးသား အောင်ပွဲမရသရွေ့ အမြဲတမ်း ရှင်နိန်ဖို့။ ယေဇုနန့် အာဇာနီဆိုစွာ တခါလည်း သီရိုးထုံးစံ မဟိဝေ။ အာဇာနီ၏ ရုပ်ခန္ဓာကို သတ်လို့ ရကေလည်း သူ့ရို့၏ အညှံ့မခံရေ စိတ်ဓါတ်၊ အမှန်တရားမြတ်နိုးရေ စိတ်ဓါတ်တိကို တခါလည်း သတ်လို့ မရဝေ။ အဂု မင်းကြည့်လေ၊ ဗိုလ်ချင်းပျံကြီး သီလားကေလည်း ဗိုလ်ချင်းပျံချေတိ အထောင်၊ အသောင်း ပေါ်နိန်စွာမင်း မတွိလား။ ယင်းပိုင်ဗျာယ် ဟို ယိုးတယားနယ်စပ် သောင်ရင်းမြစ်နားကို လား ကြည့်လိုက်။ စောဘဦးကြီး သီဆုံးလားကေလည်း စောဘဦးချေ အတောင် အသောင်း တိုက်ပွဲဝင်နိန်စွာ

## အတော်ဆုံးဂေါင်းဆောင်သည် အကောင်းဆုံးနောက်လိုက်မှ

“အဲ မင်း မိန်းဖို့ဆိုကေလည်း မိန်းစရာနင့်ရာ။ ငါလည်း စကားရာ ပြောနိန်ရေ ငါဇာသူဆိုစွာကို မပြောဖြစ် သိမ့်။ မင်း မှတ်ထား။ ငါစွာ ချင်းပျံ။ ငါကို မြတ်နိုးရေ ရခိုင်ပြည်သူတိ ခေါ်စွာက ဗိုလ်ချင်းပျံ။ ဟိုမိစ္ဆာကောင် အောက်သားတိ ခေါ်စွာကတော့ ချေင်းပျံ “ “ဟင် ဗိုလ်ချင်းပျံ အာဇာနီကြီး ဗိုလ်ချင်းပျံ ဟုတ်လာ” စံချေမောင်သည် အလွန်အံ့ဩသင့်နိန်သည်။ ဗိုလ်ချင်းပျံဟုပြောသူ ထိုပုဂ္ဂိုလ်ကို အသေအချာစိုက် ကြည့်လိုက်သည်။ မယုံနိုင်အောင်ဖြစ် နိန်သည်။ “ ယင်း – ယင်း– ယင်းဂေါင်းဆောင်ကြီး ဗိုလ်ချင်းပျံက (၁၈၁၅)ကပင် သီဆုံးလားခပါယာ မလား” စံချေမောင် ကြောက်ကြောက်လန့်လန့်နန့် မိန်းလိုက်သည်။ “ဟုတ်တေ။ အမျိုးသားတော်လှန်ရေး

မင်းတွိရလိမ့်မေ။

မင်း မှတ်ထား၊ အာဇာနီဆိုစွာ တခါလည်း သတ်လို့ မသီ။ တယောက်သတ်လိုက်စွာနန့် အထောင် အသောင်း ပေါ်လာဖို့စွာဗျာလ် “ “အော် – ဟုတ် – ဟုတ်–ဟုတ်ပါရေ” စံချေမောင် ချက်ချင်းသဘော ပေါက်လားသည်။ ထိုလူကဆက်၍ “အဖိနှိပ်ခံဇာ လူမျိုး၊ ဇာနိုင်ငံကိုပင် ကြည့်ကြည့်၊ ဖိနှိပ်အုပ်ချုပ် ဖောက်ပြန်လူတိက ကရင်အာဇာနီဖြစ်လို့ ၊ ရခိုင် အာဇာနီဖြစ်လို့ အလောင်းကို ရီထဲဝဲချ လိုက်စွာနန့် ယင်းတော်လှန်ရေးစွာ ပျောက်ကွယ်လားဖို့ စွာကားမဟုတ်။ ပဒေသရာဇ်အစဉ်အလာကို အကာအကွယ်ယူပြီး သမိုင်း၏တောင်းဆိုချက်ကို ဖျက်စီးဖို့ ကြံနိန်စွာတိစွာ ၊ ဦးနှောက်မဟိစွာ မဟုတ်ဆိုကေ၊ ရူးနိန်စွာရာဖြစ်ဖို့။

လူမျိုးတမျိုး၏ သမိုင်းပီး တောင်းဆိုမှုက ပျောက်ပျက်လားဖို့စွာမဟုတ်” သူ့ အသံသည် တည်ငြိမ်ပြတ်သားလှသည်။ သူ့စကားများသည်လည်း မီးမောင်းထိုးပြသျှင်းလင်းလှသည်။

“ရခိုင်ပြည်မှာ ချင်းပုံကြီး သီဆုံးလားကေလည်း အဂုထက်တိုင် ချင်းပုံချေတိဖြစ်တေ ရခိုင်သူ၊ ရခိုင်သားလူငယ်တိ ဆက်လက်တိုက်ပွဲ ဝင်နီနိစွာ မင်းအမြင်ရာမလား။ နောက်ကိုလည်း ရခိုင်ပြည်လွတ်လပ်ရေး မရသရွှေ့ဟိနိန်ဖို့စွာဗျာယ်” စံချေမောင် နားမလည်ဖို့စွာကိုကြောင်းကြလို့လား မသိ အာဇာနီကြီးသည် ဆက်လက်ရှင်း ပြသည်။ စံချေမောင် အဖို့ နားထောင်၍ပင်မဝ။

“ဟို အရှိဖက် ရန်ချောင်းတောင်တန်းကို ကြည့်လိုက်စမ်။ နီရောင်ခြည်တိလာနိန်ဗျာယ်။ မိုးလင်းဖို့ နိမိတ်

> ချီးကျူးထိုက်သောသူကို ချီးကျူးခြင်းသည် မင်္ဂလာမည်၏

ပြနိန်ဗျာယ်ဝေး”သူပြရာသို့ စံချေမောင် ကြည့်လိုက်သည်။ ဟုတ်တေ။ ရောင်ဖြူသန်းနိန်ဗျာယ်။

“ယင်းကြောင့် ရခိုင်ပြည်ကြီး မိုးလင်းဖို့ပျင်နိန်ရေ အချိန်မှာ မင်းရို့ပိုင် သမိုင်းကိုလည်းသိ၊ ခေတ်ပညာကိုလည်းတတ်တေ ရခိုင်လူငယ်ချေတိ အများကြီး လိုအပ်နိန်ရေ” “အေး ၊ ယင်းပိုင်ဆိုကေ မင်း ဝါနောက်လိုက်ဖို့မလား” အာဇာနီကြီးသည် ပျို့ဟန်လာသည့် ရောင်ခြည်ကို ညွှန်ပြယင်း ပြောလာသည်။

“ကျ ကျ ကျနော်မှာ ဝိဇ္ဇာတန်း စာမိန်းပွဲဖြေရပါဖို့သိမ့်။ အပြီးကေ အဘာလည်းမဟိရေအတွက် အ အ အမိဝါကြီးမကိုလည်း လုပ် လုပ် ကျွေး --” စံချေမောင် စကားမဆုံးလိုက်။

“အော်၊ မင်းက အေပိုင်လူစားမျိုးကိုး” အာဇာနီကြီးသည် တခွန်းသာပြောပြီး လှည့်ထွက်လားသည်။ အရှိဖက် ရောင်ခြည်လာရာ ရန်ချောင်းတောင်တန်းဖက်သို့ ရင်ကော့ကာ မှန်မှန်လျှောက်လားသည်။ စံချေမောင် အယင်ဘလင် ခေါ်လိုက်သည်။ အာဇာနီကြီးကား လှည့်၍ပင် မကြည့်။ “အာဇာနီကြီး” အသံကို မြှင့်၍ ခေါ်လိုက်သည်။ ထိုပုဂ္ဂိုလ်ကားဆက်၍ လားမြဲ

" အာဇာနီကြီး "

လားနိန်သည်။ “အာဇာနီကြီး ကျနော်ကို စောင့်ပါ “ ဟိသမျှအားနှင့် အော်ခေါ်လိုက်သည်။ ငိုလည်း ငိုချင်လာသည်။ ယင်းကြောင်း တအား အော်ငိုလိုက်သည်။

♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠

“ ဘုချေ၊ ဘုချေ” မောင်မောင်ချေ၊ ဟိုင်း ဘုချေ “

အမိသည် စံချေမောင်ကို ဟိသမျှအားနန့် လှုပ်နိုးနိန်သည်။ စံချေမောင်ကားပုံမှန် သတိမရလာပဲ ငိုနိန်တုန်း။

“ဟိုင်း၊ ဘုချေ၊ မောင်မောင်ချေ၊ ဖွ - ဖွ - ဖွ”

အမိ၏လှုပ်နိုးမှုကြောင့် စံချေမောင် နောက်ဆုံးတွင် နိုးလာသည်။ သူ့ပါးထက်မှာကား ကြည်ကွဲမှု မျက်ရည်ပူများ စီးဆင်းနိန်ဆဲ။

ရင်ထဲမှာလည်း ဗလောင်ဆူလျှက်။

“ ဒူ............ ဒူ........ ဒူ.........”

ဘုန်းကြီးကျောင်းက တုံးခေါင်းခေါက်ခံကိုလည်း ကြားနိန်ရသည်။ အာရုံဦးကြက်တွန်သံများကလည်း ကျောက်တော်မြို့ ဆိတ်ငြိမ်မှုကို သူရို့၏ သဘာဝအသံများဖြင့် ဆီးချယ် အလှဆင်လိုက်သည်။

“ အီကရိုး အီး........ အီကရိုး အီး ....... အီကရိုး အီး ...........”

*ဗိုလ်ရာဇာ*

(မှတ်ချက်)

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဗဟိုစည်းရုံးရေး႒ာနမှ ၁၉၈၅ ခုနှစ်တွင် ထုတ်ဝေသည့် ရခိုင်ကံကြမ္မာနှစ် (၂၀၀) စာအုပ်မှ ဝတ္ထုတိုကို ဗမာမှ ရခိုင်ဘာသာသို့ သင့်တော်ရေပိုင် ပြန်ဆို၍ တင်ပြလိုက်ခြင်း ဖြစ်သည်။

*(အယ်ဒီတာ)*

# ဆုတောင်းများခရေလား

ကျနော်မှတ်မှတ်ရရ ၂၀၀၄ ခုနှစ် နိုင်ငံတကာ အမျိုးသမီးနိ။ ထိုနှစ်ထိုအချိန်က နိုင်ငံရေး လောကနှင့် ကျနော်ကလည်း အပျိုချေနှင့် လူပျိုချေ သမီးရည်းစားနှစ်ယောက်ချိန်းတွိရေပိုင် ရှက်ကန်းကန်း။ တနိခါ ကျနော်ပါးသို့ ဖိတ်စာတစောင် မမျှော်လင့်ပဲ ရောက်ဟိလာသည်။ ဖိတ်စာကအတိုချေရာ။ ရှီးထားရေ အကြောင်းအရာက နိုင်ငံတကာအမျိုး သမီးများနိ ကျင်းပပွဲသို့ တတ်ရောက်ရန် ဖိတ်ထားရေ စာလွှာချေ။ ယင်းပိုင်အချိန်မှာ ကျနော်အနားမှာ စကားပြောလာရေ မိန်းမချေတိက ကျနော်ကို ဇာဖြစ်လို့ ပြုံးတုံ့တုံ့ဖြစ်နိန်စွာလေလို့ ဝိုင်းမိန်းကတ်တေ။ ကျနော်က တခုလည်း မဟုတ် ၊ မပြောပါရစီကေ့လို့ ပြောကေလည်း သူရို့တိက ပြောလို့မရ အတင်းမိန်းရေ။ ကျနော်စိတ်ထဲက မပြောသင့်မှန်း သိကေလည်း ကျနော်ပါးစပ်က အော်တိုမစ်တစ် ထွက်လာရေ စကားက "ယင်းလောက်ထိ နားထောင်ချင်နိန်ကေလည်း နား ထောင်ကတ်နင်ရို့။ နင်ရို့ပိုင် အမျိုးသမီးအခွင့်အရေး

**To Freedom of Speech and Expression** ဟုဆိုသည့် အတိုင်း ဒီမိုကရေစီကို လိုလားသူတိုင်း လွတ်လပ်စွာ ပြောဆို ရှီးသားဝေဖန်ခွင့်ကို လက်ခံရမည်

ကျနော်လည်း တခုလည်းမသိပဲနန့် ကိုယ့်ကို တလေးတစားဖိတ်ထားရေ အခမ်းအနားကို မတတ်ကေ မကောင်းဆိုစွာကတကြောင်း၊ နောက်တခုက အမျိုးသမီးအခွင့်အရေးဆိုစွာ ဇာကိုခေါ်စွာလဲ ဇာကိုတောင်းနိန်စွာလည်း ဆိုစွာကို သိချင်စွာကတကြောင်း စရေ အကြောင်းချေတိနန့် ကျနော်တတ်ဖြစ်သည်။

အခမ်းအနားမှူးက - - - - -မ - - — - -

သဘာပတိများကတော့ ဦး ၊ ဒေါ် ———— များ

တတ်ရောက်တဲ့လူ ၅၀ လောက်

အခမ်းအနားမှာ အဖွင့်အမှာစကားပြောသူပြော၊ အမျိုးသမီးအခွင့်အရေးနန့် ပတ်သတ်လို့ ပြောသူကပြော စုံနိန်ရေ။ ကျနော်စိတ်ကလည်း ငထောင်ဖြစ်ချင်ရေ စိတ်က ဖျောက်လို့မရေ။ ယင်းကြောင်း စတိတ်စင်တတ်ပြီး ပြောလိုက်သိမ့်ယင့်။ အေပိုင်နန့် အခမ်းအနားစွာ စည်ကားသိုက်မြိုက် အောင်မြင်စွာ ပြီးဆုံးလားရေ။ ပြဿနာက အပြန်ခရီးမှာ -

အမျိုးသမီးအခွင့်အရေးတောင်းရေ အမျိုးသမီးချေတိနန့် ကျနော်က အမျိုးသမီး အခွင့်အရေး အကြောင်းချေတိကို စကားတပြောပြောနန့် ဌါနီသို့ ပြန်လာကတ်တေ။ ပြောနိန်ယင်း ကျနော်က တခု အတွက်ပေါ်လို့ ကျနော့် မျက်နှာက မှိုရှာရင်းနန့်လိပ်တကောင်ပါ ပင့်သကူရလာရေပိုင် မျက်နှာက ပြုံးဖြီးဖြီး တနည်းအားဖြင့် မျောက်မျက်နှာမှာ ငပိသုတ်လိုက်တေပိုင်။

တောင်းရေ မိန်းမတိ မှတ်သားလောက်တေ ဝတ္ထုချေ"

**သူရို့တိ စိတ်ဝင်တစားနန့် ကျနော်ပုံပြင်ချေကို နားထောင်ဖို့ အဆင်သင့်ဖြစ်ချိန်မှာ - ကျနော်က**

"ဟိုး - အယင်ခေါက်က ရွာချေတရွာမှာ ဝါကြီး လင်မယားအီးအီးချမ်းချမ်းနိန်ကတ်ဝေ။ တနိညမှာ ဝါကြီးကအိပ်ရာဝင်ဘုရားရှိခိုး၍ အဆုံးမှာ ဆုတောင်းစွာက " "အေဘဝ၏ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်စရေ ကုသိုလ်များကြောင့် နတ်ပြည်ကို အယင်ရောက်ရပါစီလို့ ဘုရားမှာ ဆုတောင်းရေလတ်။ ဝါကြီးဆုတောင်းသံကို ဝါကြီးမက ကြားပြီး ဝါကြီးကို အတင်းအဓမ္မမိန်းရေ။ ဇာကြောင့်နတ်ပြည်ကို အယင်ရောက်ချင်စွာလဲ။ ငါနန့် အဂုနိန်စွာ မပျော်လို့လား။ ဟိုပိုင် အေပိုင် ပူဆာ မိန်းရေလတ်။ မိန်းမတိ သဘာဝအတိုင်း လင်တော်မောင် ဝါကြီးကို ဝါကြီးမက ချွဲရေလတ်။"

ယောက်ျားသည် ဟင်းအိုးကို နိတိုင်း မွှီနိန်သော်လည်း ဟင်း၏ အရသာကို မသိနိုင်ပေ

ကျနော့် ဇာတ်လမ်းချောကလည်း ကောင်းလာဗျာယ် ဖြစ်လို့ ကျနော်က စျီးကိုင်ရေပိုင် ကွမ်းတယာကို စားလို့ မပြောပဲ တနားချေ တန့်လိုက်တေ။ မိန်းမချေ တိက ကျနော့်ဝတ္ထုကို စိတ်ဝင်စားနိန်ချိန်ဖြစ်လို့ – – ပြောတချက်။ အယင်တချက်ပြောလို့ ပူဆာကတ်တေ။ ကျနော်လည်းက လူပျိုကြီးဆိုခါ မိန်းမချေတိ ချွဲစွာကို ကောင်းခံနိုင်ရေ လူကားမဟုတ်။ ယင်းကြောင့် တနားချေ အကြာမှာ “ အဟမ်း၊ အဟမ်း “

ကျနော်ပြောနိန်စွာကို တချက်ချေ တန့်လိုက်တေ။ မိန်းမချေတိကလည်း ကျနော်ကို အတင်းဆက် ပြောခိုင်းရေ။ ယင်းကြောင့် ကျနော်လည်း ဝါကြီးမက ဝါကြီးကို ပြန်ပြောရေ စကားကို ပြေလိုက်တေခါ မိန်းမချေတိက ကျနော့် နောက်ကုန်းကို ဝိုင်းထုကြသတည်း – –

ဝါကြီးမက ဝါကြီးကို ပြန်ပြောရေ စကားက –

## မိမိအလုပ်ကို ပုံမှန်ကြိုးစားလုပ်သူအဖို့ ဘဝ၌မည်သည့်အရာကိုမှ ကြောက်စရာမလို

ကျနော်ခြောင်းနှစ်ခေါက် ဟန်ဆောင် ဆက်ဆိုးလိုက်ပြီး “ဝါကြီးမ ချွဲနိန်ပူဆာနိန်စွာကို ဝါကြီး စိတ်တို မာ၍ ပေါ်နိန်ဗျာယ်” ယင်းကြောင့် စိတ်တိုတိုနန့် ဝါကြီးမကို ပြန်ပြော လိုက်တေ။ “ဟုတ်တေ။ ဟုတ်တေ။ နတ်ပြည်မှာဆိုကေ နတ်သားတယောက်မှာ နတ်သမီး တဖက် ငါးရာဟိရေ။ အားလုံးပေါင်း တထောင်။ ယင်းအတွက်နန့် ငါ နတ်ပြည်ကို အယင်ရောက်ပါစီလို့ ဘုရားမှာ ဆုတောင်းစွာ။ ဆုတောင်းစွာ။ သိဗျာယ်လား။ “ လို့ ဝါကြီးက ဝါကြီးမကို မာန်ပါပနာ ပြန်ပြောလိုက်တေ။

ဝါကြီးမလည်း ဝါကြီးစကားကိုကြားပြီး စိတ်မသာ မယာနန့် အိပ်ရာဝင်လားကတ်တေ။ တိုက်ဆိုင်စွာပင် ယင်းနိညဥ့်ခါ ဝါကြီးသီလို့ သူဆုတောင်းခရေအတိုင်း နတ်ပြည်မှာလားဖြစ်တေလတ်။ ဝါကြီးသီရေ နိကပင် ဝါကြီးမကလည်း သူ့မစိတ်ထဲမှာ ဝါကြီးစွာ ဆုတောင်းရေ အတိုင်း နတ်ပြည်မှာ နတ်သမီးတဖက်ငါးရာနန့် ပျော်လို့ဟိဖို့။ ငါကိုလည်းမိန့်နိန်ဗျာယ်ဟိဖို့လို့ စိတ်မှာ စွဲနိန်ရေ။

ယင်းအတွက်နန့် ဝါကြီးမကလည်း အားကျမခံ ဝါကြီးဆုတောင်းရေပိုင် နတ်ပြည်ကို အယင်ရောက်ပါစီ။ နတ်သားတဖက်ငါးရာနန့် နိန်ရပါစီလို့ ဆုတောင်းရေလတ်။ ဝါကြီးမလည်း ကောင်းမကြာခင် သီပြီးကေ ဆုတောင်းရေအတိုင်း နတ်ပြည်မှာ နတ်သား တဖက် ငါးရာနန့် နိန်ရရေလတ်”

“ပြောကား မပြောချင်ဗျာယ် ဝါကြီး။ ဝါကြီးကို အားကျလို့ နတ်ပြည်ကိုဆုတောင်းမိစွာမှာ တဖက်နတ်သား တဖက်ငါးရာ သရမ်းစွာနန့် ငါမှာ ချဖောင်သာ (အိမ်သာ) လားဖို့ အချိန်တောင်မရပါ ဝါကြီး။ ဆုတောင်းမှားလားရေ ဝါကြီး”

ဥတ္တရ
(ဂွါဟာတီမြို့)

**မယားကို သတ်ပုတ် နှိပ်စက်သော သူသည် တိရိစ္ဆာန်နှင့် တူ၏။**

မိန်းမချေတိလည်း ကျနော့်ဝတ္ထုချေကို စိတ်ဝင်တစားနားထောင်နိန်ကတ်တေ။ ကျနော်က ဆက်လက်၍ “တနိခါ နတ်ပြည်မှာ နတ်သဘင်ညီလာခံဟိရေ။ ယင်းနတ်သဘင်ညီလာခံမှာ ဝါကြီးနန့် ဝါကြီးမတွိကတ်တေ ယင်းခါ ဝါကြီးက ဝါကြီးမကို မိန်းရေလတ်။ ။ ။ ဝါကြီးမ၊ ဝါကြီးမ နတ်ပြည်မှာ နိန်လို့ထိုင်လို့ ကောင်းယင့်လား လို့မိန်းရေလတ်”

## လှန်းဆန်းခွင့်မရ ပန်းရိုင်းများ

D နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုရေ
ဝေါဟာရ လိမ်ညာမှုအောက်မှာ
သူရို့မျက်ရည် မြီခဖူးရေ ။

D ပေါ်တာခေါ်ရာ မလိုက်လို့
အိမ်ယာကိုစွန့်
ခိုကိုးရာမဟိ ရှက်လွင့်ဖူးခရေ ။

D မျက်နှာစိမ်းနန့် လူတစု၏
လှည့်စားမှုအောက်မှာ
သူရို့ ချွေးတိ မြီခဖူးရေ ။

D ပညာရေးဆိုစွာ ဗလာနတ္ထိ
ဘဝပီးအလုပ်က တောင်ယာလယ်လုပ်
ထမင်းတလုပ်နပ်မှန်ဖို့အတွက်
ကျောင်းနိန်မပျော်
ဘိန်းခြိုက်တော်ရေ လူတိလည်းဖြစ်လာကြ
ပြော၍မယုံ ကြုံမှယုံသည်
ကျွန်ဘဝ၏ လက်တွိဒုက္ခ။ ။ ။

**ရိုယ်ပိုနိုင်စိုး (ALA)**

တော်လှန်ရေးတွင် တာဝန်
ပျက်ကွက်ခြင်းသည်တော်လှန်ရေး
ကိုဖျက်စီးနေသော ရန်သူအား
သွယ်ဝိုက်သောနည်းဖြင့် ကူညီရာ
ရောက်သည်

## နအဖ ဂုဏ်အင်

* ညွှေရှေခိုင် ပြည်မဏ္ဍိုင်မှာ
သယံဇာတ ပေါကြွယ်ဝ
ကုန်ထွက်သီးနှံ ရီပုစွန်၊ ငါး
တွင်းထွက်ရတနာ ရွှေဂတ်စ်ပါဝင်
ရောင်းစားသူက နအဖ ။

* ရီဘေးလီဘေး တိုက်ခတ်လာလည်း
ပြည်သူအပေါင်း ဒုက္ခသောင်းချီ
ငိုယိုမြည်တမ်း အော်သံကြားလည်း
မျက်စိအကန်း နားပင်းယောင်ဆောင်
မကယ်သူက နအဖ ။

* ကိုယ့်လယ်ယာမြီ လုပ်ကိုင်နိန်စဉ်
အကြောင်းပြကာ တပ်မြီအဖြစ်
သိမ်းယူသူက နအဖ ။

* ရခိုင်ပျိုမယ် ရိုးရာထုံးစံ
ပွဲလမ်းသဘင် ဆင်ယင်ကျင်းပ
အပြန်လမ်းတွင် မှောင်ရိပ်ဆွဲကာ
ပြုကျင့်သူက နအဖ ။

* နယ်စပ်တလျှောက် စစ်ကြောင်းထောက်မှာ
အလိုမတူ ပေါ်တာလူကို
သတ်ဖြတ်သူက နအဖ ။

▪ ဩော် • • • • • • • •
လူ့အခွင့်အရေး အဖောက်ဖျက်ဆုံး
အော်စကာဆုသျှင် တရုတ်ယောက်ဖ
နအဖကို ဒေအတိုင်း
လက်ပိုက်ကြည့်နိန်ကတ်ဖို့လား ။

**ဟိန်းဇော်(ALA)**

# ရခိုင့်နိုင်ငံရေး စကားဝိုင်း

## ခိုင်အောင်စိုးသန်း

တနိတွင် ရခိုင်သူငယ်ချင်းတယောက် (ရခိုင်မြို့ဇွမ်းသူ မဟုတ်) အထီးတည်းနိန်ရေ ကျနော့်ဘုံဗိမာန်သို့ ရောက်ဟိလာသည်။ ဘုံဗိမာန်ဆိုလို့ အထင်မကြီးကေ့။ ပြောက်ကျားချေ တယောက်နိန်ရေ ပြောက်ကျား၍နီက ဇာလောက် ကြီးကျယ်လီဖို့လဲဆိုစွာ မှန်ဆကြည့်ကေ သိနိုင်ရေ။ ထိုပုဂ္ဂိုလ်ကို ကျနော်က ဗုဒ္ဓဂါယာကဘုန်းကြီး တပါး စေတနာနန့်ပီးရေ လက်ဖက်ခြောက်ကို အဖန်ရည်ကြိုကြာတိုက်ပြီး စကားစမြည် ပြောကတ်တေ။ နာမေကပင် စကား။ စလိုက်စွာနန့် ကားပြီးကေ လာရေလို့သာမှတ်ဖိ။ ထိုသူက “အကိုရို့ ပြောက်ကျားတိ၊ ဇာကို လိုလို့တော်လှန်ရေးလုပ်နိန်၊ တိုက်နိန်ကတ်စွာလဲဆိုစွာ ကျနော်သိချင်ရေ ဒီမိုကရေစီကို လိုလို့လား”

ကိုယ့်အကြောင်းလောက်ကိုသာ စဉ်းစားသောသူသည် မျော်လင့်မရသော ပညာမဲ့တယောက်သာဖြစ်သည် ထိုသူသည် ဇာလောက်ပင် သင်ကြားမှုကို ခံယူသော်လည်း ပညာဟိမဖြစ်လာနိုင်ချေ

ထိုလူက အေပိုင်စကားစလိုက်သောအခါ ကျနော် မာန်ပါချင်ရေပိုင် တမျိုးခံစားရရေထော။ ယေကေလည်း (Diplomacy) ပြည့်ဝအောင် ကြိုးစားနိန်ရေ ကျနော်က ဒေါသစိတ်ကို အသာထိန်းလိုက်တေ။ အပြီးကေ ကျနော်ကလည်း တော်လှန်ရေး၊ နိုင်ငံရေးသမား ပေါက်စ ချေပီပီ ပြောချင်စွာက လျှာဖျားယားနိန်ရေ။ ကျနော် ပြန်ပြောလိုက်တေ စကားက “ဟုတ်တေအကိုး ကျနော်ရို့ကို ပြောက်ကျားလို့ခေါ်ခေါ်၊ သူပုန်လို့ ပြောပြော ယင်းချင့်ကတော့ အမှန်ကိုပြောလို့ မာန်ပါနိန်စရာလည်း မလို။ ယေကေလည်း အဂုအခေါ် အကြမ်းဖက်သမား (Terrorist) တော့ မဟုတ်နှမ်း အကိုး ဟဲ ၊ ဟဲ။

ယေနန့် အကိုမိန်းရေ မိန်းခွန်းကို ကျနော် စဖြေပါမယ်။ ကျနော်ရို့တော်လှန်ရေး လုပ်နိန်စွာက ဗမာပြည်ဒီမိုကရေစီ အတိုက်အခံအင်အားစုပိုင် ဗမာပြည် ဒီမိုကရေစီ ဖြစ်ရေးကိုလိုလို့ တော်လှန်ရေးလုပ်နိန်စွာ မဟုတ်ပါ။ ကျနော်စကားကိုဖြတ်ပြီး ထိုသူက ဆက်မိန်းသည်။ “ယေကေ အကိုရို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) တော်လှန်ရေးလုပ်နိန်စွာက ဇာကိုလိုလို့ ပါလဲ” “အဲ အကို ၊ ပြောပြမယ်” “အကိုလည်း ရခိုင်သား ဖြစ်လို့ စကေကြားဖူးဖို့စွာဗျာယ်။ ကျနော်ရို့ ရခိုင်ပြည်စွာ အောက်သား ဘုရင်မောင်ဝိုင်းမသိမ်းပိုက်ခင်အထိ ကိုယ့်ထီးကိုယ်နန်းနန့်နိန်လာရေ ဆိုစွာ အကိုလည်း သိရေအတိုင်းဗျာယ်။ ယင်းကြောင့် ကျနော်ရို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) တိုက်ပွဲဝင်နိန်စွာရေ စစ်အာဏာရှင်စနစ် တခုတည်းကို တော်လှန်နိန်စွာ မဟုတ်ပါအကို၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှာ တိုက်ပွဲဝင်ပြီး အသက်ပီးလားခကတ်တေ ရခိုင်သား သူရဲကောင်းတိလည်း ဗမာပြည် ဒီမိုကရေစီ ရဟိရေးအတွက် အသက်ပီးလားကတ်စွာ မဟုတ်ပါ။ လွတ်လပ်တေ ရခိုင့်နိုင်ငံပေါ်ပေါက်ရေးအတွက် အသက်ပီး လားခြင်းရာဖြစ်တေ အကို။

ခရစ်သက္ကရာဇ် ၁၇၈၄ ခု ဒီဇဘာလ (၃၁) ရက်နိတွင် ကျဆုံးလားရေ ရခိုင်နိုင်ငံတော် ပြန်လည်ရဟိရေး အတွက် တိုက်ပွဲဝင်နိန်စွာရာ ဖြစ်တေ။

တနည်းအားဖြင့် (၁) အုပ်ချုပ်ရေးအာဏာ၊ (၂) ဥပဒေပြုရေးအာဏာ (၃) တရားစီရင်ရေး အာဏာ

ထိုအာဏာကြီး(၃)ရပ် အပြည့်အဝဟိခရေ ရခိုင့်နိုင်ငံတော် ပြန်လည်ရဟိရေးအတွက် တိုက်ပွဲနိန်စွာ ဖြစ်ပါရေ အကိုး။ ကိုလိုနီနယ်ချဲ့ဆန့်ကျင့်ရေးနန့် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲဝင်နိန်စွာရာ ဖြစ်ပါရေ အကိုး။”

## လူကို အမြဲဒုက္ခပေးသောအရာသည် ဆင်ခြင်တုံတရားကင်းမဲ့ခြင်းပင်ဖြစ်သည်

ထိုလူက-ကြားဖြတ်၍ “အော် အကိုဆိုလိုစွာက ရခိုင်နိုင်ငံပြန်လည် ထူထောင်ရေးကို ဆိုလိုစွာလား” “သေချာရေ အကို “ “ယင်းပိုင်ဆိုကေ အကိုရို့က ဒီမိုကရေစီကို လက်မခံနိုင်လို့လား” “အေးအကိုး၊ အေချင့်က ပြောရဖို့စွာ စကေဝွကျရေ။ ယေကေလည်း ကျနော်ပြောမယ်။ “အဂု အိန္ဒိယ ဝန်ကြီးချုပ် (Prime Minister of India) မာမူဟာဆိမ့် ပြောရေစကား တခွန်းဟိရေ ၊ ယင်းက ဇာလည်းဆိုကေ ငါရို့နိုင်ငံစွာ ဖက်ဒရယ် ဒီမိုကရေစီ (Federal Democracy) နိုင်ငံတနိုင်ငံဖြစ်တေ။ ယင်းဒီမိုကရေစီစနစ်မှာလည်း အားနည်းချက်တိ အများကြီးဟိရေ။ ယင်းပိုင်အားနည်းချက်တိ အများကြီးဟိရေ စနစ်ကို ငါရို့ဇာဖြစ်လို့ သုံးနိန်ရရေလည်းဆိုကေ ဒီမိုကရေစီ ထက်ကောင်းရေ စနစ် အေနိကမ္ဘာမှာ မပေါ်သိမ့်လို့ဖြစ်တေ” လို့ ပြောခရေ အကိုး။ သူဆိုလိုစွာက အကို ကမ္ဘာမှာ ဒီမိုကရေစီထက်ကောင်းရေ စနစ် ပေါ်လာလို့ဟိကေ ယင်းကောင်းစွာကို ပြောင်းချင်ပြောင်းရဖို့နင့်ရာ ဆိုရေသဘောပါ။

အေချင့်မှာ တခုပြောချင်စွာက ရခိုင်ပြည်လွတ်မြောက်ရေး တပ်မတော်လို့ဆိုရေ စစ်တပ်မှာတော့ ဒီမိုကရေစီအရ ဝေဖန်ခွင့်ပြုပါ ၊ လူ့အခွင့်အရေးပီးပါဟု ပြောလို့ရဖို့မဟုတ်။ ဇာဖြစ်လို့ဆိုကေ ပါတီနန့် တပ်မတော်က မတူပါ။ စစ်တပ်မှာ အဆင့်ဆင့် ရာထူးတိကိုလည်း ဒီမိုကရေစီနည်းအရ ရွီးကောက်ပြီး ပီးလို့ရရေ ထုံးစံမဟိပါ။ အပြီးကေ ပါတီမှာက **Instruction**(ညွှန်ကြားမှု) ဆိုရေ လူကြီးက လူငယ်ကို တဆင့်တဆင့် တာဝန်ပီး ညွှန်ကြားရေ စနစ်နန့် လားစွာပါ။ တခါတရီဆိုကေ လူငယ် လူကြီးလို့ မဟုတ် (Consultation) နန့် လားရစွာတိလည်း ဟိပါရေ။ စစ်တပ်မှာတော့ ယင်းပိုင် (Consultation) (တိုင်ပင်ခြင်း) (Instruction) (ညွှန်ကြားမှု)နန့် လားစွာ မဟုတ်။ အမိန့် (By Order) (သို့) (Command) နန့် လားစွာပါ။ “ယင်းအတွက်နန့် စစ်တပ်မှာ စကားပုံ တခုဟိရေ ဇာလည်းဆိုကေ “ပီးကေစား၊ ခိုင်းကေလုပ် ခံမပြောကေ့” အေချင့်က ကျနော်ရို့ စစ်တပ်တခုတည်းမှာ မဟုတ်ပါ။ အမေရိကန် စစ်တပ်မှာလည်း ဒီမိုကရေစီ လူ့အခွင့်အရေး တောင်းလို့ရဖို့ မဟုတ်ပါ။ ယင်းကြောင်း တော်လှန်ရေးမှာဖြစ်လို့ စစ်တပ်၊ ပါတီ အတူတူ ဆိုလို့ မရပါ။ လုပ်နိန်လုတ်အားလုံး ခွဲခြားနားလည်ဖို့ လိုပါရေ။ အပြီးကေ စစ်တပ်တိမှာ အမိန့် (By Order) နန့် ဇာဖြစ်လို့လားရရေလဲဆိုကေ အကိုလည်းစဉ်းစားကြည့် နင့်ရာ။ တကယ်ရန်သူနန့်သူနိုင် အသက်လုတိုက်ပွဲမှာ

## စစ်တပ်၌ဒီမိုကရေစီ လူ့အခွင့်အရေးတောင်းသောသူသည်

ယင်း အတွက်နန့် ကျနော်ရို့ပါတီကလည်း အေနိကမ္ဘာမှာ ကောင်းဆုံးဖြစ်တေ ဒီမိုကရေစီစနစ်ကို အကြွင်းမဟိလက်ခံပါရေ။ ယေနန့်လို့ ကျနော်ရို့ ပါတီမှာလည်း ဒီမိုကရေစီစနစ်ကို လက်ခံရေအနိန်နန့် ပါတီ၏ ဂေါင်းဆောင်ပိုင်းကို ညီလာခံ (Congress) မှာ ကိုယ်စားလှယ်အသီးသီးက ရွီးကောက်တင်မြှောက်ခြင်း ဖြစ်ပါရေ။ ယေကေလည်း တခုတော့ ဟိရေအကိုး။
အကို သိထားအောင်ပြောစွာပါရာ။ ဆရာခံရေလို့ မထင်ပါကေ့။ ပါတီက ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) လက်နက်ကိုင်အဖွဲ့က ရခိုင်ပြည်လွတ်မြောက်ရေး တပ်မတော် (ALA) ပါ။

တပ်မှူး (Commander) စကားကို တသေဝေမထိုး နားမထောင်ပဲ ဒီမိုကရေစီနည်းအရ ဆင်ခြီဆင်လက် တတ်ပြီး စကားကိုနားမထောင်ဆိုကေ ယင်းစစ်တပ်ရေ ရန်သူကို ဇာပိုင် စစ်တိုက်လို့ ရပါဖို့လဲ။ စစ်တပ်ဆိုစွာ အမိန့် မသီကေ လူသီရေမျိုးပါ။ စစ်တပ်က လူတိ ဇာနီရာမှာ တောင်းဆို ဝေဖန်လို့ရရေလည်း ဆိုကေ ဒီမိုကရေစီအစည်း အဝေးရို့မှာပါ။ ဥပမာ ညီလာခံ (Congress) အစည်းအဝေး (Meeting) (Conference) ရို့ပိုင် ပုံစံမျိုးမှာ စစ်သားတယောက် ပြောချင်စွာပြော ဝေဖန်ချင်စွာ ဝေဖန်လို့ရပါရေ။” ထိုသူက အဖန်ရည် တကျိုပ်သောက်ယင်း ကျနော့်စကားကိုဖြတ်ပြီးမိန်းခွန်းတခု

ထုတ်လာပါသည်။ "ယေကေ အကိုး၊ အကို့ စကားကို ဖြတ်တေလို့တော့ မပြောကေ့ဖိ သိချင်စွာအရာတခုက ရခိုင်ပြည် ဧရိယာ ဇာလောက်ဟိရေလဲ အကိုး။" ကျနော် အဖန်ရည်ခွက်ကို သောက်ဖို့ပျင်ယင်း သက်ပြင်းတချက် ချလိုက်မိသည်။

ထိုနောက် ကျနော်က ဆက်လက်၍ "အဲ အကို ကျနော် ပြောမယ်။ အဂုလက်ဟိ အောက်သားတိ ပြစွာက ရခိုင်ပြည် ဧရိယာစွာ (၁၄၂၀၀) စတုရန်းမိုင်ပါ။ ယေကေလည်းအကို ပြောဖို့ဆိုကေ အားလုံး ဒေါသထွက်စရာ တိဗျာယ်။ ရခိုင်ပြည်ကို အောက်သားသိမ်းပြီး နောက်ပိုင်း ၊ ယင်းမှ တဖန် ပထမ အင်္ဂလိပ်–ဗမာစစ်ပွဲ **(First British Burma War)**အပြီးမှာ (၁၈၂၄–ခု၊ ဖေဖေါ်ဝါရီလ၂၄) ရက်နိန့်တွင် လက်မှတ်ရှိုးထိုးခရေ ရန္တပိုစာချုပ်အရ ရခိုင်ပြည်၏ ဧရိယာ**(Area)**စွာ (၂၁၆၉၄) စတုရန်းမိုင် ကျယ်ဝန်းပါရေ။ ကမ်းခြေ အလျှားကဆိုကေ စတုရန်းမိုင် (၄၈၀) ရှည်လျှားပါရေ။ တနည်းအားဖြင့် ထိုစာချုပ်စွာ ခရစ်နှစ် (၁၄၅၄) ခုနှစ်တွင် မြောက်ဦးခေတ် ရခိုင်ဘုရင်နရနုနန့် အောက်သား အင်းဝဘုရင် မင်းခေါင်ရို့ ဗမာနိုင်ငံနန့် ရခိုင်နိုင်ငံကိုသတ်မှတ်တေ ဧရိယာနန့်ရန္တပိုစာချုပ်အရ

ယင်းချင့်တောင် ဇာကဖို့လည်း ဗမာပြည်လွတ်လပ်ရေး ရပြီး နောက်ပိုင်း ငလိမ်ဂျာ ဗမာဒီမိုကရေစီခေတ် (၁၉၅၃) ခုနှစ်မှာ အဂုပလက်ဝမြို့နယ်လို့ ခေါ်ရေ ရခိုင်ပြည်မြောက်ပိုင်း တောင်တန်းဒေသကို ချင်းပြည်နယ် ထဲသို့ဆွဲထည့် ပိုက်လိုက်ခရေ အကိုး။ ယင်းအတွက်နန့် ရခိုင်ပြည် အဂုဧရိယာစွာ (၁၄၂၀၀) စတုရန်းမိုင်ရာ ကျန်ခပါရေ အကိုး။ ကျွန်ဘဝ၏ အကျိုးရလဒ်တိ မလား ယေ အကိုး။ ဇာတတ်နိုင်ဖို့လဲ။

ကျနော်စိတ်ရှည်လက်ရှည် ထိုသူကို သျှင်းပြလိုက်သည်။ သို့သော် ထိုသူကား နိုင်ငံကြီး အိန္ဒိယမှာ မွီးဖွါးလာ သူဖြစ်လို့ ဆက်လို့ဇာပြေရေလဲဆိုကေ "ယင်းပိုင်ဆိုကေ ရခိုင်ပြည်ဧရိယာစွာ အစကပင် စကေချေရာ။ ယင်းချင့်မှာ အဂုဆိုကေ တဖေ့ချေရာကျန်ဗျာယ်။ တကယ်လို့ လွတ်လပ်ရေး ရခကေလည်း ကောင်းကောင်းငယ်စွာ မလား အကို ကမ္ဘာမှာ ရပ်တည်နိုင်ဖို့စွာကားမဟုတ်" ထိုသို့ ပြောလာသောအခါ စိတ်တိုတတ်တေ ရခိုင်သား သဘာဝက ကျနော်ကို ဆန္ဒပြလာသည်။ သို့သော် ကျနော် ယင်းဆန္ဒပြချက်ကို အသာချေ မျိုချလိုက်ပြီး ဆက်လက် သျှင်းပြလိုက်သည်။

## အေနိကာမှာတွင် ဒီမိုကာရေစီစစ်တပ်ဟူ၍ မဟိ (နိုင်ငံသာဟိသည်)

ရခိုင်ပြည်ဧရိယာ သတ်မှတ်လိုက်စွာ အတူတူဖြစ်တေ။ ဆိုလိုစွာက အကို ရခိုင်ပြည်စွာ ခရစ်နှစ် (၁၄၅၄)ခုနှစ်မှာ ဟိခရေ ဧရိယာတိုင်း အင်္ဂလိပ်က ဗမာပါးက ယူလိုက်စွာအကို။ယေကေလည်း အကို ဒုတိယ–အင်္ဂလိပ် –ဗမာ စစ်ပွဲ **(Second British Burma War)** (၁၈၅၂)ခုအပြီး (၁၈၅၃) ခုနှစ်မှာ အင်္ဂလိပ်ရို့က အုပ်ချုပ်စွာ လွယ်ကူစီဖို့အတွက် အဂု အခေါ် ပုသိမ်ခရိုင်ကို ဧရာဝတီတိုင်း အထဲသို့ ထည့်သွင်း အုပ်ချုပ်ခရေ။ ယင်းကြောင့် ရခိုင်ပြည် ဧရိယာစွာ (၂၁၆၉၄) စတုရန်းမိုင်မှ (၁၈၉၄၅) သို့ ကျဆင်းလားခပါရေ အကို။ ယင်းချင့် နောက်မှာ အိန္ဒိယ–ဗမာ ခွဲရေးတွဲရေး ပြဿနာပေါ်လာ ပြီးကေ (၁၉၃၇) ခုနှစ်မှာ အင်္ဂလိပ် အက်ဥပဒေအရ နတ်မြစ် အနောက်ဖက် (၃၇) မိုင် ရှည်လျှားရေ ထိုအနောက်ဖက် ကမ်းရိုးတန်းကို အိန္ဒိယအုပ်ချုပ်ရေးလက်ထဲသို့ သွင်းလိုက်တေအတွက် ရခိုင်ကမ်းရိုးတန်း အရှည် (၄၈၀)မှ (၄၄၃)စတုရန်းမိုင်ရာ ကျန်ခပါရေ အကို။ အေးအကိုး

"ဟုတ်တေအကိုး။ အငယ်ချေဆို ကေလည်း အငယ်ချေ လို့ရာမှတ်ပါ။ ယေကေလည်း ကျနော်တခု ဥပမာ ပြချင်စွာက ဂွါဟာတီမြို့ကို အကို ပတ်ကြည့်လိုက်ကေ ကားစီးပြီး ဒဂ်ီးကို ရီပိုင်သုံးနိန်ရေ လူတိ အများကြီး အကို တွိလိမ့်မယ်။ ယေကေလည်း ယင်းလူတိမှာ ဒဂ်ီးကို ပေါက်သာအိပ်နန့် ထမ်းပြီးကေ ရီပိုင်သုံးနိန်စွာရေ အကို့ အကျီအိပ်ချေမှာ ဂိုးဖလပ်စလိပ်သောက်ဖို့ ဒဂ်ီးရူပီသုံး ပြားလောက် အကို့အတွက်တန်းဖိုးဟိပါလို့လား။ အဲ ယင်းလောက် ဆိုကေ အကို သဘောပေါက်ဗျာယ်လို့ ကျနော် ထင်ရေ။ ယေဇုနန့် လူများနိုင်ငံကြီးစွာရေ ကိုယ့်အိမ်မြီရာချေ တကွက်လောက် တန်ဖိုးမဟိနိုင်ပါ အကိုး။ အပြီးကေ နောက်တခုက အေနိကမ္ဘာမှာ ရခိုင်ပြည် ဧရိယာထက် ငယ်ရေနိုင်ငံပေါင်း (၃၀) ကျော် ရပ်တည်လျှက် ဟိရေဆိုစွာကို အကို လေ့လာကြည့်ကေ သိနိုင်ပါရေ"

ကျနော် ထိုသို့ သျှင်းပြ လိုက်သည့်အခါ ထိုသူသည် သဘောပေါက်လားဟန်ဟိပြီး စကားတိက ချိုသာစွာ နန့် ဆက်မိန်းလာသည်။ “ယေကေ အကိုရို့ ပါတီအကြောင်းကို ကျနော်လည်း စကေကြားဖူးပါရေ။ ယင်းက ဇာလဲဆိုကေ အကိုရို့ ပါတီက လွတ်လပ်ရေးလို့ ပြောပြီးကေ ဗမာနိုင်ငံရေးအဖွဲ့အစည်းတိနန့် အခြားတိုင်းရင်းသား အဖွဲ့အစည်းတိနန့်လည်း ပူးပေါင်းဆောင်ရွက်မှုတိ လုပ်နိန်ရေလို့ ကြားပါရေ။ ယင်းချင့်က ဗမာဒီမိုကရေစီ ဆိုင်းဘုတ်အောက်မှာ ဗမာပြည်ဒီမိုကရေစီရဖို့ အတွက် လုပ်နိန်စွာနန့် မတူပါလား” “ အဲ အကိုး။ အကို မိန်းဖို့ဆိုကေလည်း မိန်းသင့်ရေ မိန်းခွန်းရာ။ ကျနော် စကေ ရှင်းပြမယ်။ ဗမာပြည်လွတ်လပ်ရေးမရခင် စကေ ချေအလိုက အင်္ဂလိပ်တိက (၉၁)ဌါန အုပ်ချုပ်ရေး၊ ဒိုင်အာခီ၊ ဟုမ္မရူး (Home Rule) အစဟိရေ လွတ်လပ် နန့်နီးစပ်တေ အုပ်ချုပ်ရေးတိ အယင်ပီးခရေ။ နောက်ဆုံးမတတ်နိုင်ခါမှ ဗမာပြည်ကို လွတ်လပ်ရေး ပီးစွာဖြစ်တေ။ ယင်းအတွက်နန့် အဂု ကျနော်ရို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) လည်း ဗမာပြည် အဖွဲ့အစည်းတိ၊ အခြားတိုင်းရင်းသား အဖွဲ့အစည်းတိ

ယင်းကဇာလဲဆိုကေ “ပျောက်လားစွာက ရွှေတုံးကြီး တရားယုံးမှာ ကြီးတုံးကြီးလို့ပြောပြီးတောင်းကေ ကျနော်ရို့ အနမ်းဖြစ်လားဖို့နင့်ရာ” “ဆိုလိုစွာက အကို ကျနော်ရို့ရခိုင်သားတိမှာ ဆုံးယုံးလားစွာက ရွှေတုံးကြီးနန့်တူရေ အချုပ်အခြာပိုင်ရေ နိုင်ငံတော်၊ ယင်းချင့်ကို အချုပ်အခြာပိုင် နိုင်ငံတော် ဖြစ်လာအောင် မတောင်းဆို၊ မတိုက်ပဲ ဒီမိုကရေစီဆိုရေ ကြီးတုံးကြီးကို ရလို့ရာ ကျနော်ရို့ ကျေနပ်လိုက်ကတ်ဖို့ဆိုကေ ကျနော်ရို့လောက် ရူးရေလူ ဇာမှာရှာတွိဖို့လဲ” ထိုသို့ ကျနော်က သျှင်းပြလိုက်သည်။ ထိုသူက ဆက်၍“ ယင်းပိုင်ဆိုကေ အကိုရို့ပါတီက ရခိုင်ပြည်လွတ်လပ်ရေး မရသိမ့်ခင် ကိုယ်ပိုင် အုပ်ချုပ်ခွင့် (Self Determination) ဟိရေ၊ (Federalism) (သို့မဟုတ်) (Confederation) ရှိပိုင် စနစ်အဆင့်ကိုရာ အယင်ရဖို့ဆိုကေ မယူပါလား” လို့ ထပ်မိန်းလာသည်။ ကျနော်ကို ရျောင်ပိတ်လိုက်တေ မိန်းခွန်း။ ယေကေလည်း ကျနော် ဉာဏ်ဟိသရွှိ ကြိုးစားလို့ ဖြေလိုက်တေ။ “ အဲ အကို ၊ အကိုပြောရေ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self Determination) ဟိရေ

**အရှူးသည်ရန်သူမိတ်ဆွေခွဲခြားမသိရေပိုင် တရားသိသမားတွင်လည်း အမှန်တရားမဟိနိုင်ပေ**

နန့် ပူးပေါင်းလုပ်ရခြင်းကဆိုကေ ကျနော်ရို့ ပေါ်လစီ (Policy) က တူစွာကို တွဲလုပ်ဖို့။ မတူစွာကို ခွဲလုပ်ဖို့ ဖြစ်တေ။ ဆိုလိုစွာက အဂုပထမ အဆင့်အနေနန့် (Dictatorship) စစ်အာဏာရှင်စနစ် ကျဆင်းဖို့ အတွက် စစ်အာဏာသျှင်ကို ဆန့်ကျင်နိန်ရေ ဗမာလို့ မဟုတ်၊ အခြားလူမျိုးတိနန့်လည်း ပူးပေါင်းလုပ်ဖို့။ တကယ်လို့ဗမာပြည် ဒီမိုကရေစီ ဖြစ်လာကေလည်း ကျနော်ရို့ပါတီက ရင့်ရဲနိန်ဖို့စွာကားမဟုတ် သီးခြား လွတ်လပ်ရေးရဖို့အတွက် ဆက်လက် တိုက်လားဖို့စွာ ဗျာယ်။ စကားပုံတခုဟိပါရေ၊ ရန်သူ၏ ရန်သူသည် မိတ်ဆွေပါ။ ကျနော်ရို့ပါတီ မဟာဗျူဟာ (Strategy) ကဆိုကေ “ရခိုင်ပြည်လွတ်လပ်ရေး” (Arakan Independent) ရာဖြစ်တေ အကိုး။ ယင်းအတွက်နန့် ရခိုင်ပြည်လွတ်လပ်ရေး မရသရွှိ ကျနော်ရို့ပါတီက ဆက်လက်လုပ်လားဖို့စွာဗျာယ်။ နောက်တခု ကျနော်ရို့ပါတီ ဥက္ကဌ ခိုင်ရဲခိုင် ပြောရေစကား တခုဟိရေ။

( Federalism) (သို့) (Confederation) စနစ်ရို့မှာလည်း အစစ်အမှန်ဟုတ်ယင့်လား၊ မဟုတ်လားဆိုစွာကို အခြေခံဥပဒေ (Constitution) ဆွဲဖို့ခါ ဥပဒေကျွမ်းကျင်ရေ လူတိနန့် အသေးစိတ် လေ့လာပြီးမှ ဆုံးဖြတ်ရဖို့” ဇာဖြစ်လို့လဲဆိုကေ ယင်းချင့်တိမှာလည်း ပြည်နယ်များ၏ လုပ်ပိုင်ခွင့်ကို လိုရာပိုင် ဥပဒေချီးဆွဲလို့ ရစွာတိ ဟိရေ။ ဥပမာ ဦးနုခေတ် ဖက်ဒရယ်ဒီမိုကရေစီပါ သူရို့ရှီးဆွဲရေ ဥပဒေက ပြည်နယ်များ၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်ထားပြီး ကျန်ရေအာဏာအားလုံးကို ဗဟိုက ချုပ်ကိုင်ထားရေ” “နောက်တခု အဂု အကို မိန်းစွာက ကျနော်ရို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၏ အရေးကြီးရေ ပေါ်လစီကို မိန်းရေအတွက် ကျနော် အတိအကျ အဖြေမပီးနိုင်ပါ။ ယင်းချင့်ကို အကို နားလည်ပီးပါ။ ဇာဖြစ်လို့ဆိုကေ ကျနော်က သာမာန်ပါတီဝင်ချေ တယောက်ပါရာ၊ ပါတီမှာ (Policy Maker) ပေါ်လစီ ချမှတ်နိုင်သူ အဆင့်မှာ မဟိရေအတွက်နန့် ပိုလို့ အဖြေ

**မပီးနိုင်ပါ “**
**ကျနော် ထိုသို့ပြောလိုက်သည်။ ယင်းအခါ ထိုသူက “အဲ အကိုး ကျနော် နားလည်ပါရေ။ အကို ပြောစွာ တိက ကောင်းသမာသမတ်လည်းကျရေ။ ကောင်းကောင်း လည်း နားထောင်လို့ကောင်းရေ။ ယေကေလည်း နီဝင်ဖို့ယာဖြစ်လို့ ကျနော်လားပါဖို့ဗျာယ်”**

*ယင်းပိုင် အတွေးပေါင်းများစွာကို ဦးနှောက်မှာထည့်ကာ ရခိုင်သား နိုင်ငံရေးသမားတို့၏ ထုံးစံအတိုင်း ကြင်ယာမဟိ၍ ထမင်းချက်ဖို့ ကျနော် ထမင်းချက်ခန်းသို့ ဝင်ရလေသတည်း။*

**ခိုင်အောင်စိုးသန်း**

အပြုသဘောဝေဖန်ခြင်းကိုပင် မကြိုက် လက်မခံ နိုင်သူသည် ဒီမိုကရေစီကိုလိုလားသူ လုံးဝမဖြစ်နိုင် ပါ။စင်စစ်က ဒီမိုကရေစီပြောနေသည့် အာဏာသျှင်သာဖြစ်မည်

**ထိုသူသည် ထို့သို့ပြောပြီး ထွက်လားခသည်။**

*သို့သော် ကျနော်၏ ဦးနှောက်ထဲမှာကား အတွေးလှိုင်းသန်းပေါင်းများစွာ ပြီးလွှားနိန်ဆဲ။ အကယ်၍များ ရခိုင်ပြည်လွှပ်လပ်ရေး အဆင့်ကို မရသိမ့်ခင် ဗမာပြည်စွာ* ***( Federal Democracy )*** *ဖက်ဒရယ်ဒီမိုကရေစီ ဖြစ်လာပြီး* ***(Self Determination)*** *အဆင့် ရခိုင်က ရဖို့ဆိုကေ ကျနော်ရို့ပါတီက ယူသင့်လာ၊ မယူသင့်လား ဆိုသည့် အတွေးများစွာနန့်။ အကယ်၍ မယူခဆိုကေ အိန္ဒိယ (North East) မှာ ဖြစ်နိန်ကတ်တေ ပြဿနာတိပိုင် အခွင့်အရေးသမားတိက ထိုအခွင့်အရေးကိုယူလို့ ပြည်နယ်အစိုးရဖွဲ့ကာ ထိုင်နီ။ ခွဲထွက်ရေးသမားတိကလည်း တောထဲမှ ဆက်လက်တိုက်ပွဲဝင်။ အဆုံးသတ်မှာ အိမ်ကြက်အချင်းချင်းကို အိုးမှိုက်သုတ် ရန်တိုက်တေပိုင် ပြည်နယ်အစိုးရ (State Government) နန့် ခွဲထွက်ရေးသမားများ၊ ကိုယ့်အချင်းချင်းသွီးချောင်းစီး။ ယင်းပိုင်မဟုတ်ပဲ ရခိုင်သားတိ* ***(Confederation)*** *အဆင့်ကို မရကေတောင်မှ ကျနော်ရို့ပါတီက* ***(Self Determination)*** *အဆင့်ချေနန့် အာဏာကို ပြည်ထဲမှာ ယူပြီးကေ ရခိုင်ပြည်သူအားတိနန့် ပါလီမန် (Parliament) (သို့) (Senate) မှာ လွှတ်လပ်ရေးရအောင် ဆက်တိုက်ကေဝါ။ ဇာပိုင်နိန်ဖို့လဲ။ ယင်းချင့်ကလည်း ကောင်းကောင်း ဖြစ်နိုင်ဖို့လား။ ဦးစိတ္တာခေတ်ကပိုင် လက်နက်နန့် ဒီမိုကရေစီ ဖရေလို့ ဆိုရေဆိုင်းဘုတ်အောက်မှာ အလိမ်ကျဖို့လား။ အရာတခုက ဦးနုခေတ်မှာပိုင် ဒီမိုကရေစီဆိုရေ ဆိုင်းဘုတ်အောက်မှာ ရခိုင်သားတိနန့် တိုင်းရင်းသားတိကို ထပ်ဆင့် ကျွန်ပြုဖို့လား။*

## ပြောက်ကျားဒေါ်သည်

★ စိတ်ညစ် မနိန်ကေ့
အိပ်ငိုက် မနိန်ကေ့
ဘဝသစ်တိကို ဖန်တီးဖို့
နလုံးသားတိကို ရင်းနိန်ရေ
ငါရို့မျှော်လင့်ချက်စွာ
မင်းရို့၏ ပန်းတိုင်
ငါရို့ယုံကြည်ချက်က
မင်းရို့၏ အနာဂါတ်
ငါရို့အသက်တိကို
မင်းရို့အတွက် ပီးဆပ်ထားရေ
ငါရို့ဘဝတိကို
မင်းရို့အတွက် ကာရံထားရေ
ယင်းကြောင့်
ငါရို့ကို
ပြောက်ကျားဟု ခေါ်သည်။

**ရိုယ်ုနိုင်စိုး (ALA)**

# ဒီမိုကရေစီ၏နောက်ကွယ်က ဗမာလူမျိုးကြီးဝါဒ

* ခရစ်သက္ကရာဇ် ၁၈၈၆ ခုနှစ်တွင် ဗမာပြည် တပြည်လုံးအင်္ဂလိပ်နယ်ချဲ့ လက်အောက်သို့ ကျရောက်ရသည်။ ထိုအချိန်မှစ၍ ရခိုင်သားအပါအဝင် တိုင်းရင်းသားလူမျိုးတိုင်းသည် ရရာလက်နက်ကို စွဲကိုင်၍ နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်တိုက်ပွဲဝင်ဖို့ ကြိုးစားခကတ်သည်။ ပဇာကြောင့် ဗမာပြည်သည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ရသည်ကို ထွေထွေထူးထူး မရှီးလိုပြီ။ ဗမာလူမျိုးရို့၏ ဂေါင်းဆောင် မောင်မှိုင်းသီတန်းစာကို တချက်ဖတ်ကြည့်ရုံနန့် ဇာသူ၊ ဇာလူမျိုးကြောင့် ဗမာပြည် အင်္ဂလိပ် လက်အောက်သို့ ကျရောက်ရရေ ဆိုစွာ ပေါ်လင်ပြီးသားဖြစ်သည်။

* ယင်းကဲ့သို့ ကိုယ့်လူမျိုးကိုယ်နိုင်ငံ လွတ်မြောက်ဖို့အတွက် လူမျိုးအသီးသီးမှ ကြိုးစားခကတ်သည်။ ရခိုင်ကဆိုကေ မင်းသားကြီးရှွီဘန်းသည် အင်္ဂလိပ်နယ်ချဲ့ရို့၏ လိမ်ညာမှုကိုမခံနိုင်၍ ပြင်သစ် **(France)** အကူအညီဖြင့် အင်္ဂလိပ်ကို ရခိုင်ပြည်မှ နှင်ထုတ်ဖို့ ပထမဆုံး ကြိုးစားခသည်။ သို့သော် စည်းရုံးညီညွတ်မှုပြိုကွဲပြီး သစ္စာဖောက်များရေ ရခိုင်သားရို့မှာ စံရဖွေဆိုသည့် သစ္စာဖောက် တယောက်ကြောင့် မင်းသားကြီးရှွီဘန်း အပါအဝင် ဂေါင်းဆောင်များ ဖမ်းဆီးခံလိုက်ရသည်။ ဤနေရာ၌ အကြောင်းသင့်လို့ မင်းသားကြီးရှွီဘန်း အကြောင်းကို စကေပြောပါမည်။ နွားကိုလယ်ထွန်ဖို့ စနစ်တကျသင် အစာဝအောင်ကျွေးပြီး ခိုင်းဖို့ ကျွန်ပြုဖို့တတ်တေ အင်္ဂလိပ်ရို့၏ အုပ်ချုပ်ခံ ရခိုင်သားရို့ ကျွန်ဘဝက အောက်သားကျွန်ဘဝလောက် မဆိုးခ။ မင်းသားကြီး ရှွီဘန်းကိုလည်း သူရို့ကို တော်လှန်ဖို့ ကြိုးစားသည့်အတွက် သာမန်ဖမ်းကာ နှိပ်စက်မှုမပြုပဲ အကျယ်ချုပ် ချုပ်ထားခြင်းသာဖြစ်သည်။ တနိတွင် မင်းသားကြီးသည် ရီချိုးပြီး၍ သူ့၏ရှည်လျားသည့် ဆံပင်များကိုဖြန့်ကာ နီလှန်းနိန်ချိန်တွင် အင်္ဂလိပ်စစ်ဗိုလ် တယောက်က "မင်းဆံပင်ကောင်း ကောင်းလှရေကာ" ဆိုပြီး ဆံပင်ကို ကိုင်ကြည့်လိုက်ရာ မင်းသားကြီး၏ ခြီမမှသွီးနှမှူးကို တတ်လားကာ ထိုအင်္ဂလိပ် စစ်ဗိုလ်တွင် ပါသည့်ဓါးနှင့် ထိုးသတ်လိုက်ရာ ထိုနေရာတွင်ပင် စစ်ဗိုလ် သီဆုံးလားခသည်။

## ခိုင်ထွန်းအောင် (ALP)

အင်္ဂလိပ်အုပ်ချုပ်ရေး အရာဟိ တယောက်ကို သတ်ခြင်းသည် ကြီးမားသည့် အပြစ်ကြီး တရပ်ကို ကျူးလွန်သည့်အတွက် မင်းသားကြီးကို အကျယ်ချုပ် ချုပ်ထားရာမှ အကျဉ်းချုပ် အမှောင်ခန်းတွင် ထားလိုက်သည်။ သို့သော် သတ်ပစ်ခြင်းမဟုတ်။ မင်းသားကြီးသည် ထိုနိမှစ၍ အစာငတ်ခံ ဆန္ဒပြကာ အသီမှီအချိန် စကေချေအလိုမှာ လက်မောင်းသွီးကို ဖောက်၍ "မင်းသားအမှန် ငါလျှင်ကြံ့က" အစဟိရေ ရခိုင်သားရို့ အဖို့တန်ဖိုးမဖြတ်နိုင်ရေ သီတန်းစာကို အုတ်ထရံမှာ သွီးနန့်ရှီးသားခကာ အစာငတ်ခံ ဆန္ဒပြ ယင်းရခိုင်ပြည်တွက် အသက်စွန့် လွတ်လားခသည်။ ဇာပင်ဖြစ်စီ ရခိုင်သားရို့သည် အင်္ဂလိပ်ကို တော်လှန်ဖို့ အမျိုးမျိုးကြိုး စားခကတ်သည်။ သို့သော် ရခိုင်တော်လှန်ရေးသည် ဗမာတော်လှန်ရေးနန့် မရောထွီးသိ။ ထိုနည်းတူပင် ဗမာပြည်ဟိ အခြားတိုင်းရင်းသားများလည်း နည်းမျိုးစုံဖြင့် တော်လှန်ဖို့ ကြိုးစားခသည်။

## ရဲလျှင်ကြံ့ ကြောက်လျှင်ပြန်

ယေကေလည်း ဤနေရာ၌ တိုင်းရင်းသား လူမျိုးများ တော်လှန်ခြင်းသည် မိမိရို့လူမျိုး မိမိရို့တိုင်းပြည် လွတ်လပ်ဖို့အတွက် ကြိုးစားခြင်းသာဖြစ်သည်။ ဗမာပြည်တပြည်လုံး (အဂုအခေါ် ပြည်ထောင်စု မြန်မာနိုင်ငံတော်) ကို ထူထောင်ရန် တော်လှန်ခြင်းမဟုတ်။ ဆရာတော် ဦးဥတ္တမရှိပိုင်း အင်္ဂလိပ်တော်လှန်ရေး လုပ်သူများသည် ကိုယ့်လူမျိုးရို့၏ အချုပ်အချာအာဏာကို ပြန်ရလို၍ တော်လှန်ခြင်းသာဖြစ်သည်။ ထိုအချိန်အထိ ဗမာတော်လှန်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ နယ်ချဲ့တော်လှန်ရေးစွာ ရောမထွီးသိ၊ သီးခြားစီဖြစ်သည်။ ဆရာတော်ဦးဥတ္တမသည် သူတတ်သည့် အသိ အလိမ္မာပညာများနန့် ရခိုင်ပြည်ကို ပထမဦးဆုံး တော်လှန်ရေး

တရားဟောဖို့ ရောက်လာသည်။ ယေကေလည်း *လိမ္မာမြင်ပျင်း၊ ဆင်းရဲအားရ၊ ကြွယ်ဝမနာလို၊ ကိုယ်ထက်သာမကြိုက်* အမိုက်တရားထိုလေးပါး ဖုံးလွှမ်းနိန်ရေ ရခိုင်သားတိစွာ ဆရာတော်ကို တိုင်းပြည်အတွက် တော်လှန်ရေးလုပ်ဖို့ လှိုက်လှဲစွာ မကြိုဆိုခ။

ဆရာတော်၏ လက်ဦးဆရာ ရွှေစေတီဆရာတော် ပင်လျှင် “ ပန်းဇင်းက နိုင်ငံရေးသမားလား၊ ဘုန်းကြီးလား၊ နိုင်ငံရေးသမားဆိုကေ ငါ့ကျောင်းမှာ မနိန်ကေ့။ ဘုန်းကြီးဆိုမှနိန် “ အစဟိရေ စကားရိုက်ထိုးမူတိကို ဆရာတော်ဦးဉတ္တမ သည်းမခံနိုင်ခ။ ယင်းကြောင့် ဆရာတော်သည် ပထမဆုံး နိုင်ငံရေးတရားကို ဗမာပြည် အလယ်ပိုင်းမှာသာ ဟောပြောခသည်။ ထိုအချိန်အထိ အောက်သား(ဗမာ) လူမျိုးရို့၏နိုင်ငံရေး မျက်စိစွာ မပွင့်သိ။ (တနည်းအားဖြင့် အင်္ဂလိပ်ကို တော်လှန်ဖို့ ကြီးကြီးမားမား အဖွဲ့အစည်း၊ ဂေါင်းဆောင်မဟိခသိ) ဆရာတော် ဦးဉတ္တမ၏ နိုင်ငံရေးမျက်စိ ဖွင့်ပီးလိုက်ပြီး နောက်ပိုင်းမှာ ဗမာပြည်တွင် ကြီးမားရေ နိုင်ငံရေးလှုပ်သျှားသည့် အဖွဲ့အစည်းများ ပေါ်လာသည်။ ထိုကဲ့သို့ ဗမာပြည်တွင် ကြီးမားရေ အဖွဲ့အစည်းများ ပေါ်လာခြင်းသည်ပင်လျှင် ရခိုင်အပါအဝင် တိုင်းရင်းသား လူမျိုးစုများအတွက် ရာဟုဂြိုဟ်စဝင်ခြင်း ဖြစ်သည်။

ချုပ်ဆိုနိုင်ရန် စိုင်ပြင်းနှင်သည်။ ပဇာကြောင့် အောင်ဆန်းသည် ဗမာပြည်တခုတည်း (မန္တလေးတိုင်းဇရိယာ အနီးအနား) လွတ်လပ်ရေးကို မလုပ်ပဲ စေတနာဟိရေပိုင် တိုင်းရင်းသားတိ အားလုံးပါသည့် ပင်လုံစာချုပ် ချုပ်ဆိုရန် စိုင်းပြင်းနှင်ရသနည်းဆိုသော် ဗမာရို့၏လူမျိုးကြီးဝါဒ (တနည်းအာဖြင့် အလောင်းဘုရား အစပြု၍ ပထမဗမာနိုင်ငံတော်၊ ဒုတိယဗမာနိုင်ငံတော် တတိယဗမာနိုင်ငံတော်)လို့ ခေါ်ခရေ ဗမာပဒေသရာဇ်မင်းရို့၏ နယ်မြီဖြစ်ခဖူးသည့် တိုင်းရင်းသားနယ်မြီများကို ဗမာလူမျိုးတယောက်ဖြစ်တေ အောင်ဆန်းက ရယူလို၍ ပင်လုံစာချုပ် ချုပ်ဆိုရန် အပြင်းကြိုးစားခြင်းမှာ အငြင်းပွါးဖွယ် မဟိ။ ဂျပန်အဆုပ်တွင် အောင်ဆန်း ပထမဆုံး ရခိုင်ပြည်သို့လည်း စည်းရုံးရေးရောက်ဟိလာသည်။ ဦးစိန္တာကျင်းပသည့် ကြာအင်းတောင်ညီလာခံသို့ ရောက်ဖြစ်ခသည်။ ထို့အခါ ဗမာရို့၏ မျိုးပြုတ်သတ်ဖြတ် ကျွန်ပြုမူကို ခံခဖူးသော ရခိုင်သားများသည် ဗိုလ်အောင်ဆန်း၏ ပျားရည်ဆမ်းသည့် စကားများကို မယုံသည့်အပြင် ထိုညီလာခံတွင် အလံနီပါတီမှ ဦးအောင်သန်းက အောင်ဆန်းကို တရားစွဲသည်။ ထိုအခါ အောင်ဆန်းသည် ရခိုင်ကို စည်းရုံး၍မရ၍ သျှမ်း၊ ကချင်၊ ကရင် စသည့် တိုင်းရင်းသားများကို အဓိကထား စည်းရုံးခသည်။

**လိမ္မာမြင်ပျင်း ဆင်းရဲအားရ ကြွယ်ဝမနာလို ကိုယ့်ထက်သာမကြိုက် အမိုက်တရားထိုလေးပါးကို ရှောင်ရှားကတ်ပါ အိုရခိုင်**

ယင်းပြင် ဗမာသူရဲကောင်း အောင်ဆန်း ပေါ်ထွန်းလာခြင်းသည်လည်း ဗေဒင်ပညာအရ ရာဟုဂြိုလ်တွင် စနီသက်ရောက် ထပ်ကျလာသည်နှင့် သဏ္ဍာန်တူသည်။ တနည်းအားဖြင့် တိုင်းရင်းသား လူမျိုးများအဖို့ ကံကြမ္မာဆိုး နောက်ထပ်တရပ် တိုးလာခြင်းပင်ဖြစ်သည်။ ဇာကြောင့်ဆိုသော် တိုင်းရင်းသားများသည် အောင်ဆန်း၏ ပျားရည်ဆမ်းသည့် နခွန်းဖျားအောက်မှ အလိမ်ကျမည့် ပင်လုံညီလာခံနှင့် ပင်လုံစာချုပ်ကို ထိုအောင်ဆန်း ဦးဆောင်ခြင်းကြောင့်ပင် ဖြစ်သည်။ ဤနိန်ရာမှာ အင်္ဂလိပ်က ပြည်မ၊ တောင်တန်း စသည်တို့ကို သီးသီးခြားခြားစီ လွတ်လပ်ရေးပီးမည်ဟု ပြောခသည်။ ထိုအချိန်တွင် အောင်ဆန်းသည် ပင်လုံစာချုပ် အောက်ဆန်း၏ ပျားရည်ဆမ်းသည့် နှခွန်းဖျားအောက်က ထောင်ချောက်ကို မမြင်သည့် တိုင်းရင်းသားများသည် အောင်ဆန်း၏ ဗမာတကျပ်၊ သျှမ်းတကျပ်မူကို ယုံသည်။ ထို့ကြောင့် အင်္ဂလိပ်က ပြည်မ၊ တောင်တန်း လွတ်လပ်ရေးခွဲပီးမည်ဟု ထပ်ပြောလာသည့်အခါ တိုင်းရင်းသားများမှာ အောင်ဆန်း၏ စည်းရုံးမူအောက်မှာ ကျနိန်၍ တောင်တန်းမြေပြန့် မခွဲခြားပဲ အတူတူယူလိုပါသည်ဆိုသည့် ပင်လုံစာချုပ်တွင် လက်မှတ်ရှီးထိုးခသည်။ ဤပင်လုံ စာချုပ်တွင် ရခိုင်လက်မှတ်မထိုးခ။ သို့သော် ဗမာရို့၏ ပလိုင်းကိုင် ရခိုင်သားတယောက်ဖြစ်တေ ဦးအောင်ဇံဝေ က ဖဆပလ ကိုယ်စားလှယ်အဖြစ် ပါဝင်ခသည်။ ထိုပင်လုံစာချုပ်တွင် ရခိုင်၊ မွန် လက်မှတ်

မထိုးခြင်းသည် အခြားတိုင်းသားများနှင့် နှိုင်းစာလျှင် အင်အားနည်း၍ ပင်လုံစာချုပ် မဖြစ်မြောက်ရေးကို မဟန့်တားနိုင်ခ။ အမှန်တကယ် ပြန်ဆန်းစစ်ကြည့်ပါက ရခိုင်နန့်မွန်က လက်မှတ် မထိုးရေပိုင် အခြားတိုင်းရင်းသားများလည်း မထိုးခဟုဆိုလျှင် ပင်လုံစာချုပ်ဟူ၍ ဖြစ်လာစရာ အကြောင်းမဟိ။

ပင်လုံစာချုပ်သာ မချုပ်ဆိုနိုင်ခဆိုသော် ဒုတိယကမ္ဘာ စစ်ဒဏ်ကြောင့် ဗြိတိသျှအင်ပါယာ ပြိုလဲ၍ နီဝင်ချိန် ရောက်နိန်ရေ အချိန်မှာ တိုင်းရင်းသားအားလုံး ကိုယ့်ဒေသအလိုက် လွတ်လပ်ရေး ကိုယ်စီရမည်မှာ သေချာသည်။

(၁)တန်းတူညီမျှ အခွင့်အရေး ရဟိရေး

(၂)တောင်တန်းဒေသများတွင် ကိုယ်ပိုင်ပြဌါန်းခွင့်ရဟိရေး (၃) လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုက ခွဲထွက်လိုက ခွဲထွက်နိုင်သည်။

စရေ အချက်သုံးချက်အပေါ်မူတည်၍ ပင်လုံစာချုပ်ကို လက်မှတ်ရွှီးထိုးဖို့ တိုင်းရင်းသားတိ သဘောတူခသည်။ ဆိုလိုသည်မှာ **(Confederation)** စနစ် အစစ်အမှန်ဖြင့် လားရန် သဘောတူခြင်းဖြစ်သည်။

ဗမာဂေါင်းဆောင်များပီးသည့် အကြောင်းပြချက်က ရခိုင်ပြည်ကို ရခိုင်သားများ အုပ်ချုပ်နိုင်ဖို့ မဟုတ်ဆိုသည့် အကြောင့်ပြချက်နှင့် ဖွံ့ဖြိုးတိုးတတ်မှု အလွန်နောက်ကျနိန်သည်ဆိုသည့် အကြောင်းပြချက်။ ယုတ္တိမဟိသည့် အကြောင်းပြချက်။ နှစ်ပေါင်း ငါးထောင်ကျော် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ယဉ်ကျေးမှု၊ စာပီနန့်နိန်ထိုင်လာခသည့် ရခိုင်ပြည်ကို ရခိုင်သား မအုပ်ချုပ်နိုင်စရာအကြောင်းမဟိ။ ယုတ္တိမဟိသည့် အကြောင်းပြချက်များဖြင့် လိမ်ညာထပ်ဆင့် ကျွန်ပြုသည်။ လိမ်ညာခံရမှုမှာ ရခိုင်တမျိုးတည်းလား။ မဟုတ်သိ။ တိုင်းရင်းသားအားလုံးပင်။

ထို့ကဲ့သို့ ဗမာလူမျိုးကြီးဝါဒတို့၏ လိမ်ညာမှုအောက်မှာ ဇာပြဿနာတိ ဆက်တိုက် ပေါ်လာသလဲဆိုကေ ရခိုင်၊ ချင်း၊ မွန်ရို့ကပြည်နယ်ပင်မရလိုက်။ နောက်တခုက တိုင်းပြည်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်များနန့်ဖွဲ့စည်းထားရေ ဒီမိုကရေစီကျင့်သုံးသည်ဟု ကမ္ဘာကို အော်သည်။ လက်တွိအခြီအနိန်မှာ အခြေခံဥပဒေအရ နိုင်ငံတော်အာဏာကို ခွဲဝေယူရာတွင် ပြည်နယ်များ၏ အာဏာကို ကန့်သတ်ထားပြီး ပြည်မကို အကြောင်း

## ငလိမ်ဂျာ ဖက်ဒရယ်ဒီမိုကရေစီဆိုသည်မှာ ဦးနုခေတ် ဒီမိုကရေစီကိုခေါ်သည်

ဤနိန်ရာ၌ ဆန်းစစ်ကြည့်မည်ဆိုလျှင် လူမျိုးကြီးတိုင်း ကိုယ်ပိုင်ဥပဒေပြဌါန်းခွင့်ဟိရေးဟူ၍ မတွိရ။ ဥပမာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ ၊ ရခိုင် ၊ သျှမ်း လူမျိုးကြီးတိုင်း ကိုယ်ပိုင်ပြဌါန်းခွင့် ဟိရမည်ဟူ၍ မတွိရ။ ဤအချက်သည်ပင်လျှင် *အစမကောင်းသည့် မူဝါဒ အနှောင်းမှာ ဇာပိုင် သေချာနိုင်ဖို့လဲ။*

အခြား ပြည်နယ်မရ တိုင်းရင်းသားတိကိုတော့ မပြောလိုပြီ။ ရခိုင်ကို ဇာဖြစ်လို့ချန်ထားခရရေလည်းလို့ ဝေဖန်သုံးသပ်ကြည့်လိုက်တေအခါ (၁)ရခိုင်ပြည်ကို အောင်ဆန်း စည်းရုံးရေးရောက်ဟိလာသည့်အခါ ဗမာရို့၏ ကျွန်ပြုမှုကို ခံစားဖူးသည့် ရခိုင်ရို့က အောင်ဆန်းကို နှင်ထုတ်လိုက်သည်။ (၂) ပင်လုံစာချုပ် ဖြစ်မြောက်ရေး အတွက် အကြိုးစားခ (သို့) လက်မှတ်မထိုးခ (၃) ရခိုင်က သမိုင်းအကြွီ ပြန်ဆပ်မည်ကို ဗမာကြောက်သည်။ စရေအချက်များကြောင့် ချန်ထားခသည်ဟု ယူဆရသည်။ ထိုအချိန်က ရခိုင်ပြည်နန့် ပတ်သတ်၍

ပြကာ ပြည်ထောင်စုအာဏာအားလုံးကို ဗမာလူမျိုးကြီးရို့က ချုပ်ကိုင်ထားသည်။ ဤနိန်ရာမှာ ဇာကြောင့် ဤကဲ့သို့ ပြောရသနည်း ဆိုသော် ထိုအချိန်က ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၂၂၂)အရ ပြည်မသည် ပြည်ထောင်စု၏ ပြည်နယ်တခုသာဖြစ်သည်ဟု ဆိုသော်လည်း ပြည်မဟုခေါ်သည့် ဗမာပြည်ကို ပြည်နယ်အဖြစ် ရေိယာ သတ်မှတ်ထားခြင်း မဟိသည့်အတွက် ပြည်ထောင်စု အာဏာတခုလုံးကို အသုံးချသည်။ နောက်တချက်မှာ အခြေခံဥပဒေပုဒ်မ(၈)အရ ပြည်ထောင်စုအာဏာသည် အခြားပြည်နယ်များအပေါ် အာဏာသက်ရောက်မှု ဟိသည်ဟု ဆိုထားသည့်အတွက် ပြည်ထောင်စုအာဏာကို ဗမာလူမျိုးများက အသုံးချပြီး ပြည်နယ်များကို ကျွန်ပြုလာသည်ကို တွိရသည်။ ထို့ကြောင့် ပြည်နယ်ရ တိုင်းရင်းသားများမှာ ဗမာပြည်မ၏ **Vassal State** (ပဏ္ဏာဆက်နိုင်ငံ) ဖြစ်လာရသည်။ ဇာကြောင့်အေပိုင်

ဖြစ်လာရလေဆိုသော် ရိုးအသည့် တိုင်းရင်းသားများ၏ ယုံကြည်မှုကို အသုံးချပြီး အခြေခံဥပဒေမှာ ကိုယ်တိုင်က အယင်က ဗမာပဒေသရာဇ်ဘုရင်များ သျှမ်းပြည်ကို ပဏ္ဏာဆက်နိုင်ငံအဖြစ် ထားခရေပိုင် စနစ်တကျ လိမ်လည်ခြင်း ဖြစ်သည်။ *ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်များပင် ဤသို့ဖြစ်လာရလျှင် ပြည်နယ်မရလိုက်သည့် ရခိုင်သားရို့အဖို့ ဒီမိုကရေစီဆိုသည့် ဆိုင်းဘုတ်အောက်မှာ လက်ဆင့်ကမ်း ကျွန်ဘဝ ဆက်ရောက်ရသည်မှာ ပြောစရာပင် မလို။* ထိုကဲ့သို့ ဗမာလူမျိုးကြီးဝါဒ လိမ်ညာမှုအောက်မှာ တိုင်းရင်းသား ဘဝများစွာ သားကောင်ဖြစ်ရသည်။ သို့သော် ဂတိုးပေါ် ထိပ်ကွက်မှုများကို တိုင်းရင်းသားများ သီးခံလာခသည်။ လွတ်လပ်ရေးရပြီး (၁၃) နှစ်လုံးလုံး သီးခံခဲ့သည်။ နောက်ဆုံးတွင် ပြည်နယ်မရ တိုင်းရင်းသားများဖြစ်သော၊ ရခိုင်၊ မွန်၊ ချင်းတို့က ပြည်နယ် အတင်းတောင်း၊ ပြည်နယ်ရဟိကြသည့် သျှမ်းအစဟိသည့် တိုင်းရင်းသားများကလည်း သည်။ ထိုကြောင့် ၁၉၆၂ ခုနှစ် ဖေဖေါ်ဝါရီလ (၂၄) ရက်နိ်န်တွင် ပြည်ထောင်စုမူနှင့်ပတ်သတ်၍ ဆွေးနွေးပွဲတရပ်ကို ရန်ကုန်မြို့ ၊ ပြည်လမ်းအသံလွှင့်ရုံ ခန်းမဆောင်တွင် ကျင်းပခရသည်။ ထိုဆွေးနွေးပွဲတွင် ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ ကိုယ်စားလှယ်အဖြစ် စောခွန်ချို၏ အဆိုပြုတင်ပြချက်များကို ကချင်ပြည်နယ် ကိုယ်စားလှယ် ဒူးဝါးဇော်လွန်း၊ ချင်းဝိသေသတိုင်း ကိုယ်စားလှယ် မဟာသရေစည်သူ “ကပ္ပတိန်မန်းတုံနုံး”၊ သျှမ်းပြည် ကိုယ်စားလှယ် ဦးထွန်းမြင့် နှင့် ကယားပြည်နယ် ကိုယ်စားလှယ် မဟာသရေ စည်သူဦးစိန်” တို့က ထောက်ခံမှုများ ပြောကြားခသည်။ ပြည်နယ်များ ညီညွတ်ရေးကိုယ်စားလှယ် စောခွန်ချိုက အမေရိကန်၊ ကနေဒါ၊ ဆွီဇာလန်နိုင်ငံရို့ပိုင် ပြည်ထောင်စုစစ်စစ် နိုင်ငံဖြစ်လာစီရန်အတွက် အောက်ပါ အချက်များကို ဆွေးနွေးတင်ပြ တောင်းဆိုခကတ်သည်။

## လက်နက်ကိုင်တော်လှန်ရေးမဟီရဟုဆိုလျှင် ကျူးကျော်သူများကို အယင်မျောက်ဖျက်ပစ်ရမည်

ပြည်ထောင်စုမူ အစစ် အမေရိကန်၊ ကနေဒါ၊ ဆွီဇာလန်နိုင်ငံရို့ပိုင် ဖြစ်လာစီရန် အတွက် တင်ပြလာသည့်အခါ ဗမာ ဖဆပလ နှင့် ပမညတ ဂေါင်းဆောင်များက “ခင်ဗျားတို့ကို ဘယ်သူ မြှောက်ပေးလိုက်သလဲ” “ဗိုလ်ချုပ်ကြီးကိုယ်တိုင် လမ်းညွှန်မှုနဲ့ ရေးဆွဲခဲ့တဲ့ဥပဒေကို ခဏခဏပြင်လို့ မကောင်းဘူး၊ မရဘူး” စသည့် ထိုးနှက်မှုတိကို တိုင်းရင်းသား ဂေါင်းဆောင်များမှာ သနားစဖွယ်ခံရရှာသည်။ ကိုယ်ရဖို့ဟိသည့် အကြွေးကို တောင်း၍ သခိုးက လူပြန်ဟစ်ခြင်း ဖြစ်သည်။ မခံနိုင်သည့်အဆုံး ၁၉၆၁ ခုနှစ်တွင် ပြည်နယ်များ ညီညွတ်ရေးအဖွဲ့မှ အမှူးပြု၍ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ သျှမ်းကိုယ်စားလှယ်များ အသီးသီး တတ်ရောက်သည့် တောင်ကြီးညီလာခံကို ကျင်းပခသည်။ ထိုညီလာခံမှ ချမှတ်သည့်မူအတိုင်း ပြည်နယ်မရသည့် ရခိုင်၊ ချင်း၊ မွန်တို့လည်း ပြည်နယ် အတင်းတောင်း၊ ပြည်နယ်ရဟိပြီးဖြစ်သည့် သျှမ်း၊ ကချင်တို့ကလည်း ပြည်ထောင်စုစစ်စစ်ဖြစ်ရေးကို အရှိန်အဟုန်ဖြင့်တောင်းဆိုလာကြရာ။ ဝန်ကြီးချုပ်ဦးနုသည် မသိကွန်ဆောင်နိန်၍မရသည့် အခြီအနိန်သို့ ရောက်ဟိလာ (၁) ဗမာပြည်မကို ပြည်ထောင်စုဝင် ပြည်နယ်တခုအဖြစ် ဖွဲ့ပီးရေး၊ (၂) လွှတ်တော်နှစ်ရပ်အား အာဏာတူပီးရေး၊ (၃) လူမျိုးစုလွှတ်တော်တွင် တူညီသည့်ကိုယ်စားလှယ်ထားဟိရေး၊ (၄) အများနန့်ဆက်စပ်သည့်ဌါနစကေချေကို ဗဟိုအစိုးရသို့ အာဏာလွှဲပီး၍ ကျန်အာဏာများကို ပြည်နယ်များတွင်သာ ထားဟိရေး။ (၅) ပြည်ထောင်စုဘဏ္ဍာငွေကို မျှဝေသုံးစွဲရေးရို့ဖြစ်သည်။ ယင်းအခါ **ဗမာတို့၏ဖျောက်ဖျက်မရသည့် လူမျိုးကြီးဝါဒသည်** ဂျောင်ပိတ်၍ မင်းသားဂေါင်းဆောင်းထားရေ နောက်ကွယ်က ပင်ကိုယ်ဘီလူးရုပ်ပြလာသည်။ ယင်းကဆိုကေ ပြည်ထောင်စုမူနှင့် ပတ်သတ်သည့် ဆွေးနွေးပွဲတွင် တိုင်းရင်းသားပြည်နယ် ကိုယ်စားလှယ်များ တင်ပြမှုနှင့် ထောက်ခံသည်များကို ၁၉၆၂ ခု ဖေဖော်ဝါရီလ (၂၄) ရက် တနိန့်တည်းတွင် အပြီးသတ် တင်ပြခိုင်းခသည်။ ယင်းနောက် ဗမာလူမျိုးဖက်မှ ကန့်ကွက်မှုများကို စနစ်တကျလုပ်ဆောင်နိုင်အောင်(၅)ရက် အချိန်ပီးပြီးမှ မတ်လ(၁)ရက်နိ်န်တွင် ဗမာလူမျိုးများ ပမညတ ကိုယ်စားလှယ် ဝိဇ္ဇူရချစ်မောင် နန့် ဖဆပလ ကိုယ်စားလှယ် ဦးဘဆွေရို့က အကြီးအကျယ် ကန့်ကွက်ခသည်။ သို့သော် ကန့်ကွက်မှုများသည် အားရလောက်အောင်

ယုတ္တိမပဟိခ။ အရှိုးခံအတိုင်းယူဆရလျှင် ထိုဆွေးနွေးပွဲတွင် တိုင်းရင်းသားများ၏ အဆိုပြုတင်ပြသည့် စကားများကို ထောက်ခြင်းအားဖြင့် အကယ်၍ ဗမာလူမျိုးတိက တိုင်းရင်းသားတောင်းဆိုချက်များကို မပီးပဲ ဆက်ငြင်းနိန်ပါက ဇာဖြစ်လာဖို့လဲဆိုစွာ အားလုံးသူရို့ မှန်းကျသည်။ (ထိုအရာကား ပြည်ထောင်စုပြိုကွဲရေး ပင်ဖြစ်သည်)

ထိုအချိန်တွင် ဗမာလူမျိုးများအတွက် လမ်းနှစ်လမ်းဂျောင်ပိတ်နိန်သည်။

*(၁) တလမ်းက တိုင်းရင်းသားတိတောင်းရေ အခွင့်အရေးကို ပီးဖို့လား။*

*(၂) နောက်တလမ်းက ပြည်ထောင်စုကိုရာ အကွဲခံဖို့လား*

သိမ်းပိုက်လိုက်သည်။ ဆိုလိုသည်မှာ အရေးကြီးသွီးစည်းရေ ဗမာလူမျိုးရို့ဝါဒအရ ဦးနုနန့် ဖဆပလ ဂေါင်းဆောင်တချို့လက်သတ်ကာ လူမသိ၊ သူမသိ နေဝင်းကို အာဏာလွှဲအပ်လိုက်ခြင်းဖြစ်သည်။ ထိုနောက် ဦးနုလည်း အချုပ်ခန်းဟုဆိုသော အိမ်တွင် ကောင်းကောင်းစား၊ ကောင်းကောင်းနိန်ပြီး သူကသမိုင်းတွင် သူရဲကောင်းလုပ်ကာ နေဝင်းမကောင်းကြောင်း သမိုင်းလိမ်စာအုပ်များကိုသာ ရွီးယင်း အချိန်ဖြုန်းတီးနိန်လီတော့သည်။ နေဝင်းကလည်း "*ခင်ဗျား ရွီးချင်သလိုရွီးပါတော့၊ ကျနော်တော့ အာဏာရနေပြီ* " ဟူသည့် သဘောနန့် လွှတ်ထားလိုက်ခြင်း ဖြစ်သည်။

## တိုင်းရင်းသားညီအကိုမောင်နှမများလက်တွဲကာ ဗမာလူမျိုးကြီးဝါဒကို အယင်တိုက်ဖျက်ရမည်

ဗမာလူမျိုး ကြိုက်တေလမ်းကိုလား။ ဂွကျစွာက ဗမာလူမျိုးဝါဒက ပထမလမ်းကိုလည်း မလားချင်ရေပိုင် ဒုတိယလမ်းကိုလည်း မကြိုက်။ ဇာဖြစ်လို့ လဲဆိုကေ ပထမလမ်း အတိုင်းလားဖို့ဆိုကေလည်း ဗမာပြည်မစွာ ပြည်နယ်တခု ဖြစ်လာပြီး ပြည်ထောင်စု အာဏာကို သုံးပြီး အခြားလူမျိုးတိကို ကျွန်ပြုလို့မရဗျာယ်။ ဒုတိယလမ်းကလည်း ပြည်ထောင်စုပြိုကွဲကာ ဗမာဘုရင်များ ကျွန်ပြုခဖူးရေ နယ်မြီတိ ဆုံးယုံးလားပြီး မိုးခေါင်ရီသျှားရေ မန္တလေးတိုင်းလောက်သာ ဗမာနိုင်ငံတော်ဖြစ် ကျန်ခဖို့။ *ယင်းပိုင်ဆိုကေ ဗမာလူမျိုးတိဇာလုပ်ဖို့လဲ။* ယင်းချင့်ကိုတော့ ဦးနှောက်ဟိ တွေးတတ်လူတိုင်း သိနိုင်ရေ။ ဇာလဲဆိုကေ ဗမာတယောက်ဖြစ်တေ နေဝင်းကို အာဏာသိမ်းခိုင်း လိုက်ရုံမှအပ ဗမာလူမျိုး အာဏာတည်မြဲဖို့ အခြား လားစရာလမ်းမဟိ။ ယင်းပိုင်ရာ နေဝင်းကို အာဏာသိမ်းခိုင်းလိုက်ကေ ဗမာပြည်စွာ ဒီမိုကရေစီဆိုရေ စနစ်ရာ ပျောက်ကွယ်လားဖို့ ဗမာလူမျိုးကြီး လက်ထဲတွင် အာဏာဆက်တည်နိန်ဖို့စွာ အမှန်ဗျာယ်။ ဇာဖြစ်လို့ဆိုကေ စစ်ဦးစီးချုပ်ဖြစ်တေ နေဝင်းက လက်နက်နန့် တိုင်းပြည်ကို ထိန်းကေရရေ။ ယင်းကြောင်း ပြည်ထောင်စုမူဆွေးနွေးပွဲကို (၃) ရက်ပင် ကျင်းပခွင့် မရဟိခပဲ ၁၉၆၂ မတ်လ (၂) နိန့်တွင် နေဝင်းအာဏာ

အေ ဂု လ ည်း

နောက်ဆုံးအနိန်ဖြင့် တင်ပြရသော် ပြည်တွင်းမှာ ထားလိုက်ပါဖိ။ ။ တိုင်းရင်းသား လူမျိုး များကို ကျွန်ပြုနှိပ်စက်နိန်သည်မှာ အထူးပြောစရာ မလို ဗျာယ်။ သူရို့ ဗမာအချင်းချင်းတောင်မှ နှိပ်ကွက်နိန် ကြသည်။ ယင်းအတွက်နန့် ပြည်တွင်းကို မပြောပဲ ပြည်ပမှ အစိုးရဟု အော်နိန်သည့် ဒီမိုကရေစီ အဖွဲ့အစည်းများသည် တိုင်းရင်းသားများလူမျိုး အလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေ **(Constitution)** မူကြမ်း ရွီးဆွဲကတ်ပါ။ တင်ပြပါဟူ၍ရာကြားရသည်။ ဗမာပြည်နယ် သတ်မှတ်ရေးနန့် ဗမာလူမျိုးအတွက် ဗမာ **(Constitution)** ရွီးဆွဲနိန်ဗျာယ်လို့ တခါလည်း မကြားမိ။ ယင်းအချက်ကို ထောက်ခြင်းအားဖြင့်လည်း ဦးနုခေတ်က ဖက်ဒရယ်ဒီမိုကရေစီ ဆိုင်းဘုတ်အောက်မှာ တိုင်းရင်းသားများကို ကျွန်ပြုထားခရေပိုင် အဂုလည်း ယင်းဖက်သို့ တာစူနိန်သည်။ (၁၉၉၀) ရွီးကောက်ပွဲအနိုင်ရပါတီ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) **(National league for Democracy)** ဆိုကေ တိုင်းရင်းသားတိအဖို့ ပိုဆိုး သိမ့်ရေ။ ထိုပါတီ၏ ဒေါ်စုနန့် ပြောရေးဆိုခွင့် ဟိသူများကလည်း တိုင်းရင်းသား လူမျိုးများတန်းတူ အခွင့်အရေးဟိသည့် **Confederation,** အဆင့်ကို ထားအုံးသိမ့် ၊ **(Federalism)** စနစ်နန့်လားပါမည်ဟုပင် ပြောသံတခါချေလည်း မကြားမိ။

ယင်းကြောင့် ဒေါ်စုအပါအဝင် သူရိ့လိုချင်သည်က **Burmese Democracy** ဗမာလူမျိုး ဒီမိုကရေစီရာ။ တိုင်းရင်းသားလူမျိုးများနန့် တန်းတူညီမျှသည့် အနည်းဆုံး **Federalism** နန့် အများဆုံး **Confederation** အဆင့်ကိုကား အလိုမဟိ။ တနည်းအားဖြင့်ဆိုရသော် မင်ဉာဏ်၊ ဖို့ဉာဏ် ၊ ဗမာဉာဏ် ဟုဆိုသည့်အတိုင်း တနည်းမဟုတ် တနည်းဖြင့် တိုင်းရင်းသားများကို ကျွန်ပြုမည်မှာ အသေအချာဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာရလျှင် ဦးနုခေတ်ဒီမိုကရေစီ ထက်ဆိုးလိမ့်မည်။ ဦးနုခေတ်မှာပင် ငလိမ်ဂျာဒီမိုကရေစီ ဆိုကေလည်း တိုင်းရင်းသား (၄)မျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြည်နယ် အဖြစ် ရဟိခဲ့သိမ့်ယင့်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာရလျှင် စစ်အာဏာသျှင် အဂုသန်းရွှေခေတ်ထက် စကေချေပြည်သူများ အနိန်ချောင်ရုံကလွဲလို့ တိုင်းရင်းသား တမျိုးလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပင်ရဖို့ မမြင်။ ယင်းကြောင့် ဤသည်ကို ရခိုင်ဂေါင်းဆောင်များ အပါအဝင် တိုင်းရင်းသားဂေါင်းဆောင်များသတိထားကတ်ပါ။

ဗမာပြည် ဒီမိုကရေစီအတိုက်အခံအင်အားစုတိက တိုင်းရင်းသားတိုင်း ညီတူညီမျှရေးကို တကယ် လိုချင်လျှင် **Confederation** စနစ်ကို အခြေခံသည့် **Constitution** ကို ရွီးဆွဲထားပြီး ဖြစ်ရမည်။ ဥပမာ (၁)ပြည်နယ်များ၏ နယ်နိမိတ်ကို အရင်သတ်မှတ်ရမည်။ ( ဆိုလိုသည်မှာ ဗမာပြည်နယ်အဖြစ် ဇာလောက်ဆိုစွာ အယင်သတ်မှတ်ရဖို့)

(၂) **Upper house, lower house** (အထက်လွှတ်တော်၊ အောက်လွှတ်တော်နှစ်ရပ်အား အာဏာတန်းတူထားဟိရမည်။ (၃) လူမျိုးစုလွှတ်တော်တွင် တူညီသည့် ကိုယ်စားလှယ် ထားဟိရမည်။ (၄)ဗဟိုအာဏာကို ကန့်သတ်၍ ကျန်အာဏာများကို ပြည်နယ်များတွင် ထားဟိရမည်။ (၅) ပြည်ထောင်စုဘဏ္ဍာငွေကို မျှဝေသုံးစွဲရေးစသည့် အချက်များပေါ်တွင် အခြေခံမူတည်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (**Constitution**)ကို ရွီးဆွဲရမည်။ သို့သော် အေနိ အချိန်အထိ ဗမာပြည်နယ် နယ်နိမိတ် သတ်မှတ်ထားပြီး ဖြစ်သည်ဟု မကြားမိ။

ယင်းကြောင့် ရခိုင်အပါအဝင် တိုင်းရင်းသားများသည် ကိုယ်ရသင့်သည့် အခွင့်အရေးကို လက်နက်ကိုင် တိုက်ယူမှအပ အခြားရဟိမည့် နည်းလမ်း မမြင်ပါကြောင်း အစီရင်ခံ တင်ပြလိုက်ရပါသည်။

ခိုင်ကျော်အောင်(ALP)

## မွီးအမင်သို့

•• ဝီးရပ်တနီရာ တော်လှန်စခန်း
ဂနိုင်လမ်းက ဆယ်ချောင်းလက်ကို
ဂေါင်းမှာတင်လို့ ရှိခိုးပါယင့်
မွီးအမင် ။

•• အမင့်နီကောင်း ဆုတောင်းယင်းနန့်
သားဘဝက မြန်းသာပါ၍
အမင်လည်းသော့ လန်းမာဘာစီ။
မိုးသောက်ညဇာ အပ်ရာဝင်ထွက်

••
အချိန်တိုင်းမှာ ဗုဒ္ဓမြတ်စွာ
မုနိဘုရား သျှင်တော်မြတ်အား
စိတ်နန့်ပင့်ဆောင် သားနန့်အမင်
ကေန်စင်စစ် ပြန်ဆုံရအောင်
အမြဲမပြတ် ဆုတောင်းနိန်ရေ
မွီးအမင် ။

•• သားမောင်အပြန် လမ်းခရီးကို
မျှော်မှန်းယင်းနန့် ဘုရားထံပါး
အောင်သပြေနန့် အမွီးနံ့သာ
ဆီးမီးကအစ ကပ်လှူယင်းနန့်
လိုရာအားလုံး ဆုတောင်းပါလီ
မွီးအမင် ။

•• ကံကြံမ္မာဖန် သားနန့်အမင်
ပြန်ရာဆုံခိုက် အမင်လိုရာ
ဆန္ဒအားလုံး လုပ်ပီးယင်းနန့်
အမင့်ခြီရင်း အမင့်နားမှာ
ဘဝထက်ဆုံး နီနိုင်အောင်သာ
ကြိုးစားပါမည် မွီးအမင် ။

ခိုင်နိုလ [တော်လှန်ရေးမြို]

ARAKAN LIBERATION PARTY

(Liberty) (Equality) (Fraternity)

# ဥက္ကဋ္ဌကြီးခိုင်မိုးလင်းကျဆုံးသည့် (၃၂) နှစ်မြောက် ရခိုင်အာဇာနည်နိန့် ထုတ်ပြန်ချက်

သက္ကရာဇ် ၂၀၀၉ ခု၊ ဇွန်လ (၄)ရက်နိသည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ဥက္ကဋ္ဌကြီး နှင့် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော်၏ ဖခင်ကြီး ခိုင်မိုးလင်းကျဆုံးသည့် (၃၂)နှစ်မြောက်နိပင်ဖြစ်ပါသည်။

ဤနိတွင် အကျွန်ုပ်တို့သည် ရခိုင်အာဇာနည်သူရဲကောင်းကြီးအား ဦးညွတ်အလေးပြုလျက် သူမျှော်မှန်းခသည့် အဖရခိုင်ပြည်လွတ်လပ်ရေးပန်းတိုင်သို့ သူချမှတ်ထားခသည့် အောက်ပါလမ်းစဉ်နှင့်မူဝါဒများကို ကိုင်စွဲလျက် တသွေမတိမ်း ဆက်လက်ချီတက်လားမည်ဖြစ်ပါကြောင်း ကတိပြုအပ်ပါသည်။

- ရခိုင်ပြည်လွတ်မြောက်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးမှတပါး အခြားမဟိ။
- ရခိုင်ပြည်လွတ်မြောက်ရေးအတွက် ရခိုင့်တပ်မတော်ကိုတည်ဆောက်ကတ်။
- ရခိုင်ပြည်လွတ်မြောက်ရေးအတွက် ရခိုင်တမျိုးသားလုံး ရခိုင်မသားတယောက်တည်းပမာ စည်းလုံးကတ်။
- ရခိုင်ပြည်လွတ်မြောက်ရေးသည် ရခိုင့်အမျိုးသားစည်းလုံးညီညွတ်ရေးလက်ထဲတွင်အခိုင်အမာတည်ဟိသည်။
- ရန်သူ့ထံလက်မြှောက်အရှုံးပီးခြင်းသည် အဖိနှိပ်ခံပြည်သူများအပေါ် ခွင့်မလွှတ်နိုင်သော ရာဇဝတ်ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

ဤရခိုင်အာဇာနည်နိ အခါသမယတွင် ရခိုင်ပြည်သူတရပ်လုံးအား ကျွန်ုပ်တို့ ရခိုင်ပြည်လွတ်မြောက်ရေး ပါတီအနေဖြင့် တိုက်တွန်းလိုသည်မှာ–

- ကျွန်ုပ်တို့ဆင်နွှဲနီသည့် နယ်ချဲ့ဆန့်ကျင်ရေးရခိုင်ပြည်လွတ်မြောက်ရေးစစ်ပွဲတွင် ကျရာနီရာ၊ တတ်နိုင်သည့် အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကတ်ပါ။

- ရခိုင်ပြည်နှင့်ရခိုင်လူမျိုးအား အမှန်တကယ် အာမခံအကာအကွယ်ပီးနိုင်ရန်အတွက် ကျစ်လစ်ခိုင်မာအင်အား တောင့်တင်းသော ရခိုင့်မျိုးချစ်လက်နက်ကိုင်တပ်မတော်ကြီးတရပ်ကို တည်ဆောက်ရာ၌ ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပါဝင်ကတ်ပါ။

ရခိုင်ပြည်ကိုမတရားကျူးကျော်အုပ်ချုပ်ထားသူနယ်ချဲ့အောက်သားအား ရခိုင်ရို့၏အမျိုးသားရန်သူအဖြစ် သတ်မှတ်ပြီး အလုံးစုံတော်လှန်ရေး ဆင်နွှဲခြင်းဖြင့် ရခိုင်ရို့၏အမျိုးသားညီညွတ်ရေးကိုတည်ဆောက်ကတ်ပါ။

ရခိုင်ပြည်တော်လှန်ရေး မုချအောင်ရမည်ဟု ရခိုင်ပြည်လွတ်လပ်ရမည် ။

စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)
ရက်စွဲ။ ဇွန်လ (၄)ရက်၊ ၂၀၀၉ ခု

★ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော်(ALA)မှဖြန့်ချီသည် ★

## ရွှေဝါရောင် သံဃာ့လှုပ်ရှားမှု သတင်းပြသပွဲအခမ်းအနား လန်ဒန်မှာ ကျင်းပ

ဗြိတိန်နိုင်ငံတဝှမ်း ရုပ်ရှင်ရုံပေါင်း လေးဆယ်ခန့်မှ တပြိုင်နက်တည်း ရုံတင်ပြသခဲ့တဲ့ **Burma VJ** သတင်းရုပ်ရှင်ကားကို ဇူလိုင်လ (၁၄) ရက်နေ့ ညပိုင်း **Piccadilly Circus** အနီးရှိ **BAFTA** အဆောက်အဦးမှာ ကျင်းပခဲ့ပါသည်။

အဆိုပါရုပ်ရှင်ကားကို ရိုက်ကူးသူ ဒါရိုက်တာ **Aders Oster Gaard** က မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုရော ၊ ဆန်းသစ်တီထွင်မှုနဲ့ပါ ပေါင်းစပ်ပြီး တင်ပြခဲ့တဲ့အကြောင်း ဘီဘီစီကို ပြောပါတယ်။ နိုင်ငံရေးလှုပ်ရှားမှုအပိုင်းထက် လူတိုင်းရဲ့စိတ်ထဲမှာ အနည်းနဲ့အများဆိုသလို ခံစားကြရတဲ့ ကြောက်စိတ်ကို ဖယ်ရှားရင်း အောင်နိုင်စိတ်မွေးနိုင်ရေးကို ရည်ရွယ်ပုံကိုလည်း ဒါရိုက်တာက ရှင်းပြပါတယ်။ ရုပ်ရှင်နဲ့ ရုပ်မြင်သံကြားမင်းသား **Dexter Fletcher** က မြန်မာနိုင်ငံရဲ့ ပကတိဖြစ်ရပ်မှန်တွေကို တွေ့မြင်ခွင့်ရခဲ့လို့ အနုပညာသည်တယောက်အနေနန့် မြန်မာနိုင်ငံသားအတွက် လူ့အခွင့်အရေးရရှိအောင် အားပေးထောက်ခံလိုစိတ်တွေ ဖြစ်ပေါ်လာပုံကို ဘီဘီစီကို ရှင်းပြသွားပါတယ်။

**Burma VJ** ရုပ်ရှင်ကားဖြစ်မြောက်ရေးမှာ အဓိက အခန်းကဏ္ဍကပါဝင်ခဲ့တဲ့ **Joshua** ကလည်း ရွှေဝါရောင် သံဃာ့လှုပ်ရှားမှုမှာ ရှေ့တန်းကနေ ပါဝင်ခဲ့တဲ့ သံဃာ့တွေ ၊ ကျောင်းသားခေါင်းဆောင်တွေ လူမှုအသင်းအဖွဲ့က လူတွေရဲ့ အနစ်နာခံစွန့်လွှတ်မှုကို ကမ္ဘာကသိအောင် ပြသခွင့်ရခဲ့လို့ အထူးအောင်မြင်မှုရတာဖြစ်ကြောင်း ပြောပြသွားပါတယ်။

**ဘီဘီစီသတင်း**

## အောင်ဆန်းစုကြည်အား ပါရဂူဘွဲ့ချီးမြှင့် စောမြရာဇာလင်း တက်ရောက်ယူ ... ...

နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ဗြိတိန်နိုင်ငံက ပါရဂူဘွဲ့ ချီးမြှင့်ရာ ရခိုင်အမျိုးများအစည်းအရုံး ဥက္ကဌ စောမြရာဇာလင်း တက်ရောက် ယူကြောင်း သတင်းရရှိသည်။ အဆိုပါ ဆုကို ဗြိတိန်နိုင်ငံ၊ အိုင်ယာလန် မြောက်ပိုင်းတွင်ရှိသော အာလ်စတာ တက္ကသိုလ် ( **University of ULSTER)** မှ ဒေါ်အောင်ဆန်းစုကြည်အား ဥပဒေပါရဂူဘွဲ့ **(LLD)** ချီးမြှင့်ရာ သူမ ကိုယ်စား ရခိုင်အမျိုးသမီးများအစည်း အရုံး၊ ဥက္ကဌ စောမြရာဇာလင်းက တက်ရောက်ယူခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ တက်ရောက်ယူရခြင်းမှာ မြန်မာပြည် ပိသုကာကြီး၏သမီးဖြစ်သူ ေါ်အောင်ဆန်းစုကြည်သည် နအဖစစ်အစိုးရ၏ မတရားဖမ်းဆီး ချုပ်နှောင်ခြင်းကို နာမည်ဆိုးနှင့် ကျော်ကြား သော အင်းစိန်ထောင်တွင် အကျဉ်းချခံနေရခြင်း ကြောင့် ဖြစ်သည်။ ယင်းဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ဗြိတိန်စံတော်ချိန် (၁၁)နာရီအချိန်တွင် **Magee Campas** ၏ **Great Hall** တွင် အဆိုပါ တက္ကသိုလ်မှ ဘွဲ့ရကျောင်းသား (၁၀၀)ကျော်နှင့်အတူ ခမ်းခမ်းနားနား ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ အခမ်းအနားသို့ တက္ကသိုလ် ပါမောက္ခချုပ် ကိုယ်တိုင်တက် ရောက် ခဲ့သည့်အပြင် အခြားသော တက္ကသိုလ်မှ ဂုဏ်သရေရှိ လူကြီးများ၊ အထူးဖိတ်ကြားထားသော မြန်မာပြည်မှ ပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားမတိုင်မီညက တက္ကသိုလ် ပရဝုဏ်တွင် ညစာစားပွဲကို ကျင်းပရောက်ရာ ရခိုင်အမျိုးသမီးများအစည်းအရုံး ဥက္ကဌတို့ တက်ရောက်ခဲ့ကြသည်။ စောမြရာဇာလင်းနှင့်အတူ ရခိုင်အမျိုးသမီးများအစည်းအရုံး၊ အဖွဲ့ဝင် စောနိုင်သဇင်သင်္ကြီဦးလည်း လိုက်ပါသွား ကြောင်း သိရှိရသည်။

ရွှေပြည်ရခိုင်သတင်း

## ရမ်းဗြဲမြို့နယ် ရပဒင်ကျေးရွာ လူကြီး (၁၂) ဦးကို မယက ဥက္ကဌကို မတိုင်ကြားပဲ တံတားအသစ် ဆောက်လုပ်သည့်အတွက်တရားစွဲ

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ဆည်ခုံကျေးရွာအုပ်စု ရပဒင်ကျေးရွာမှ ကျေးရွာလူကြီး (၁၂) ဦးအား မယက ဥက္ကဌကို မတိုင်ကြားပဲ ပျက်စီးသွားသည့် တံတားကို ကိုယ်ထူကိုယ်ထ ပြန်လည်တည်ဆောက်ခဲ့သည့်အတွက် သက်ဆိုင်ရာမှ တရားစွဲဆို ထားကြောင်း သိရှိရပါသည်။

အမည်အဖော်လိုသူ ကျေးရွာသားတဦးက ဒရပ်ရွာလူကြီး (၁၂) ဦးကို တရားစွဲဆိုထားတာ မြို့နယ်မယကဥက္ကဌ ဦးအောင်ကျော်ဇောဖြစ်ပါတယ်။ တံတားဆောက်တာကို မယကကိုအကြောင်းမကြားတဲ့အတွက် ဥပဒေကိုချိုးဖောက်တယ်ဆိုပြီး တရားစွဲထားတာဖြစ်တယ်ဟု ပြောသည်။ အဆိုပါ တံတားမှာ ဇွန်လ (၅) ရက်နေ့တွင် ဦးထွန်းလွင်ပိုင်ဆိုင်သော နွားများဖြတ်သွားစဉ် ကျိုးသွားခြင်းဖြစ်ကြောင်းသိရှိရသည်။

အဆိုပါတံတားမှာ (၁၀) ရှည်ပြီး ရမ်းဗြဲ–ကျောက်ဖြူ ကားလမ်းနှင့်(၂) ဖာလုံခန့် အကွာတွင် တည်ရှိသည်။ ထိုသို့ ကျိုးသွားသဖြင့် ရပဒင်ကျေးရွာမှ ရပ်မိရပ်ဖများက ကျိုးသွားသည့်တံတားကို ဖယ်ရှားပြီး ကျေးရွာမှ စုပေါင်းထည့်ဝင်ငွေဖြင့် အဆိုပါတံတားကို သစ်ကူကွန်ကရစ်ဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ တံတားက လူသွားလူလာများပြီး၊ ဆိုင်ကယ် ၊ ထွေလာဂျီနန့် နွားလှည်းတွေ မကြာခဏ ဖြတ်သွားနေတော့ အန္တရယ်ဖြစ်မှာစိုးလို့ ရပဒင်ကျေးရွာက လူကြီးတွေက ပိုက်ဆံကောက်ပြီး တည်ဆောက်ခဲ့တာပါ။ ဒါကို မယကကိုအကြောင်းမကြားပဲ ရှိပြီးတံတားကိုဖျက်စီးပြီး တံတားအသစ်တည်ဆောက်တဲ့အတွက် ဥပဒေကို ချိုးဖောက်တည်ဆိုပြီးကျေးရွာ လူကြီး(၁၂) ဦးကို တရားစွဲဆိုတားတာပါ ဟု အဆိုပါ ကျေးရွာသားက ပြောပြသွားသည်။

တရားမစွဲဆိုမှီ မယက ဥက္ကဌ အောင်ကျော်ဇောက အဆိုပါကျေးရွာမှ ရပ်မိရပ်ဖများအား (၃) ကြိမ်တိတိ ရမ်းဗြဲမြို့သို့ခေါ်ယူပြီး ဆဲဆိုခြိမ်းမောင်းမှုများပြုလုပ်ကာ တရားဥပဒေကိုနားမလည်သော ရပ်မိရပ်ဖ (၁၂) ဦးအား ဥပဒေချိုးဖောက်ကြောင်း အတင်းလက်မှတ်ထိုးခိုင်းပြီး တရားစွဲဆိုခြင်းဖြစ်သည်။ ထိုကဲ့သို့ တရားစွဲ ဆိုခံထားရသောကြောင့် အဆိုပါ ကျေးရွာလူကြီး (၁၂) ဦးမှာ လယ်ယာစိုက်ပျိုးချိန်တွင် လယ်ယာအလုပ်ကိုမလုပ်နိုင်ပဲ အပတ်စဉ် ရမ်းဗြဲမြို့သို့သွားရောက်ပြီး အမှုရင်ဆိုင်နေရသည်ဟု သိရှိရသည်။
တရားစွဲဆိုခြင်းခံထားရသည့် ကျေးရွာလူကြီး (၁၂) ဦး၏ နာမည်ကို မဖော်ပြခြင်းမှာ သတင်းပေးသူ၏ မေတ္တာရပ်ခံထားချက်ကြောင့်ဖြစ်သည်။

Narinjara News

# ဆင်းရဲကျပ်တည်းမှုကြောင့် စစ်တွေတွင် လုယက်မှုများအထူးတိုးပွါးလာ

ရခိုင်ပြည်နယ် မြို့တော်စစ်တွေတွင် ဆင်းရဲကျပ်တည်းမှုကြောင့် လုယက်မှုများ အထူးတိုးပွါးလာကြောင်း အမည်မဖော်လိုသူ အမျိုးသမီးတဦးက နိရဉ္စရာသို့ ပြောသည်။

သူမက ‘ အခုလုယက်မှုတွေ အထူးတိုးပွါးလာတဲ့အတွက် အမျိုးသမီးတွေအနေနန့် ရွှေကြိုးတွေဝတ်ပြီးသွားလာရတာကို ရှောင်ရှားလာရပါတယ်၊ လမ်းခွဆုံတိုင်းမှာ လုယက်မှုတွေ မကြာခဏ ဖြစ်နေတာ တွေ့ရတယ်။ ဒါပေမဲ့ တခါမှ ဖမ်းမိတယ်ဆိုတာ မကြားမိပါဘူး ‘ ဟုပြောသည်။

စစ်တွေတွင် လူအတော်များများမှာ စီးပွါးရေးအဆင်အပြေမှုတွေဖြစ်နေပြီး အများစုမှာ အလုပ်လက်မဲ့တွေဖြစ်နေသည်ဟု သိရှိရပါသည်။ ထိုကဲ့သို့ စီးပွါးရေးအဆင်မပြေသဖြင့် စစ်တွေတွင် ခိုးဆိုးလုယက်မှုများတိုးပွါးလာခြင်းဖြစ်သည်ဟု သူမကပြောသည်။ ‘ စစ်တွေမှာ ဘယ်သူမှ စီးပွါးရေးအဆင်မပြေဘူး၊ လက်လုပ်လက်စားတွေဆိုရင် ပိုဆိုးတယ်။ အခုစားမဲ့ဟာ အခုရှာမရတော့ ဆိုက်ကားနင်းတဲ့သူတွေသာ တနေ့ထက်တနေ့ ပိုများလာတာတွေ့ရတယ်။ ဆိုက်ကားနင်းတဲ့သူတွေက စီးတဲ့လူထက်များနေတော့ အခုလို လုယက်မှုတွေ တိုးလာတာဖြစ်ပါတယ် ‘ ဟုပြောသည်။

ယခင်က ခိုးဆိုးလုယက်မှုများ မရှိသလောက်ဖြစ်ခဲ့သော စစ်တွေတွင် လုယက်မှုများ အဆမတန်တိုးပွါးလာသဖြင့် ညဥ့်အချိန်အမျိုးသမီးများမှာ လက်ဝက်လက်စားများဖြင့် အပြင်မထွက်ရဲ ဖြစ်နေသည်ဟု သူမက ပြောပြသွားပါသည်။

Narinjara News

# ဖိတ်ခေါ် ကြိုဆိုခြင်း

စာဖတ်ပရိသတ်လူကြီးမင်းရို့အားလုံးကို ရိုသေလေးစားစွာ ပန်ကြားအပ်ပါသည်။ ဝရဇိန်စာစောင်ကို ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၏လက်အောက်ခံ ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော်(ALA)မှ(၃)လတကြိမ်စီ ပုံမှန်ထုတ်ဝေလျက်ဟိပါသည်။

ဝရဇိန်စာစောင်တွင် အားနည်းချက် အများအပြား ဟိကောင်းဟိလိမ့်မည်။ သို့ဖြစ်ပါ၍ ဝရဇိန်စာစောင်နှင့် ပတ်သတ်၍ အပြုသဘောဖြင့် ဝေဖန်အကြံပြုချက်များကို လေးစားစွာ ကြိုဆိုလျှက်ဟိပါသည်။ ၎င်းပြင် ရခိုင်ပြည် သမိုင်း၊ တော်လှန်ရေး၊ နိုင်ငံရေးနှင့် ပတ်သတ်သည့် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများကိုလည်း ကြိုဆိုလက်ခံလျှက်ဟိပါသည်။

☆ အယ်ဒီတာ – ခိုင်အောင်စိုးသန်း (ယာယီ)

☆ ဒီဇိုင်းအပြင်အဆင် – ခိုင်အောင်

☆ စာစီစာရိုက် – ခိုင်ထွန်းအောင်

☆ စာမူစုဆောင်းရေးနှင့်ပြန်ကြားရေး – မောင်မောင်ချေ

☆ ဘဏ္ဍာငွေ – ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA)

စောင်ရေ – ၁၀၀

ဆက်သွယ်ရန်– alpghq@gmail.com
aungsoe77@yahoo.com
aungsoe77@gmail.com

Contact Number; +91 9954533858

သူ့ကျွန်ဘဝဖြင့်

အသက်တရာနိန်ရခြင်းထက်

အမျိုး – ဘာသာ – သာသနာ

အတွက် တိုက်ပွဲဝင်းရင်း

အသက်ပီးခြင်းသည် မြတ်၏

## ★စုဆောင်းရေးနှင့်လေ့ကျင့်ရေး၌ါန★

❖ ရခိုင်–အိန္ဒိယနယ်စပ်၊ ရခိုင်–ဘင်္ဂလားနယ်စပ်၊ ကရင်–ထိုင်းနယ်စပ် ❖

✡ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA) မှ အဖရခိုင်ပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်လိုသူ ရခိုင်သူ၊ ရခိုင်သားများကို အထက်ပါ နီရာ(၃)ခုတွင် အမြဲတမ်း လက်ခံလျက်ဟိသည် ✡

**ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)**
**ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA)**

★ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော်(ALA)မှဖြန့်ချီသည် ★